
# နှလုံးသားများကို ကျန်းမာ သက်သာ စေသည့် အသင်း

ပုံပြင်နှင့် လှုပ်ရှားမှုများပါ စာအုပ်



မောင်ဆန်းမင်း
မနှင်းဆီ

နှင့်



ယောသပ်၏ ပုံပြင်တို့
ပါဝင်သည်။

ကျွန်တော်၏ နာမည်မှာ

| | |
|---|---|
| | ဖြစ်ပါသည်။ |

ဤစာအုပ်သည် ကျွန်တော်၏

# နှလုံးသားများ ကျန်းမာစေသည့် အသင်း



ပုံပြင်နှင့် လှုပ်ရှားမှုများ စာအုပ်

ဖြစ်ပါသည်။

American Bible Society

HEALING HEARTS CLUB BOOK

STORIES AND ACTIVITIES FOR CHILDREN အား မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်သည်.

© 2013 American Bible Society

မြန်မာ ဘာသာပြန် မူပိုင်ခွင့်

© 2018 Breakthrough Language Development and Training Center, Myitkyina

ဤစာအုပ်ကို လက်တွေ့အသုံးပြုနိုင်ရန်အတွက် သင်တန်းပြုလုပ်ရန် ဆက်သွယ်လိုပါက

- မြန်မာနိုင်ငံ ကျမ်းစာအသင်း (သို့)
- အမေရိကန် ကျမ်းစာအသင်း၏ အင်တာနက် စာမျက်နှာ ဖြစ်သော TraumaHealingInstitute.org သို့ ဝင်ကြည့်၍ သော်၎င်း၊
- traumahealing@americanbible.org (သို့)
- sdtutu@gmail.com သို့ Email ပေးပို့၍သော်၎င်း စုံစမ်းနိုင်ပါသည်။

ဤစာအုပ်တွင် ဖော်ပြသည် သမ္မာသစ်ကျမ်းပိုဒ်များအားလုံးသည် ခေတ်သုံးမြန်မာ http://www.myanmarbible.com/bible/မှ ဖြစ်သည်။

# မာတိကာ

**သင်ခန်းစာ (၁)။ ကျွန်ုပ်သည် ဘုရားသခင်အတွက် အရေးပါသောသူ ဖြစ်သည်။ .............. 5**

ကျွန်ုပ်သည် အရေးပါသောသူတစ်ဦးဖြစ်ပါသလား။ ..........5

ဖန်ဆင်းခြင်း..........8

**သင်ခန်းစာ ၂။ အဘယ်ကြောင့် မကောင်းသော အရာများ ဖြစ်ပေါ်ရသနည်း။................ 13**

ကျူရှုံးခြင်း ..........13

ထထ မြန်မြန်ပြေး။..........16

**သင်ခန်းစာ ၃။ မိမိတို့ မည်သို့ ခံစားရကြောင်းကို ပြောပြခြင်း.......... 21**

နှင်းဆီ စိတ်မကောင်းဖြစ်သည်။..........21

ယောသပ်နှင့် မနာလိုတက်သော သူ၏အစ်ကိုများ ..........24

**သင်ခန်းစာ ၄။ အထီးကျန် စွာ ခံစားရခြင်း .......... 29**

အိမ်အသစ်..........29

အီဂျစ်ပြည်ရောက် ယောသပ်..........33

**သင်ခန်းစာ ၅။ ကျွန်ုပ်တို့၏ ဘဝများအား ကောင်းစွာတည်ဆောက်ခြင်း.......... 37**

မိသားစု မရှိခြင်း..........37

ယောသပ် အား တဖန် မေ့လျော့သွားခြင်း ..........39

**သင်ခန်းစာ ၆။ ဆုံးရှုံးခြင်းနှင့် ပူဆွေးဝမ်းနည်းခြင်း.......... 45**

တောနက်ကြီးထဲမှ ဘဝ ..........45

ထောင်ထဲရှိ ယောသပ် ..........48

**သင်ခန်းစာ ၇။ မကောင်းသော အထိအတွေ့.......... 53**

စံပယ်သည် နှင်းဆီအား လျှို့ဝှက်ချက်တစ်ခု ပြောပြသည်။..........53

အကြီးအကဲ ယောသပ် ..........56

**သင်ခန်းစာ ၈။ ကျွန်ုပ်တို့၏ နာကျင်မှုများအား ကားတိုင်သို့ ယူဆောင်လာခြင်း .............. 63**

နှင်းဆီက ယေရှုခရစ်အား မိတ်ဆွေအဖြစ် တောင်းဆိုသည်။..........63

သခင်ယေရှုဘုရားသည် ကျွန်ုပ်တို့ကို ဒုက္ခနှင့် အပြစ်မှ ကယ်တင်ရန် ကြွလာခဲ့သည်။..............67

**သင်ခန်းစာ ၉။ ခွင့်လွှတ်ခြင်း .......... 71**

ဆန်းမင်း၏ အစာအိမ်၌ ကျောက်ခဲတစ်လုံးရှိသည်။ ..........71

ယောသပ်နှင့် ခွင့်လွှတ်ခြင်း ..........75

**သင်ခန်းစာ ၁၀။ ဘဝများ အသစ်တည်ဆောက်ခြင်း .......... 79**

သတင်းကောင်း..........79

ယောသပ်၏မိသားစု ပြန်လည်တွေ့ဆုံခြင်း..........83



# သင်ခန်းစာ (၁)။
# ကျွန်ုပ်သည် ဘုရားသခင်အတွက်
# အရေးပါသောသူ ဖြစ်သည်။

## ကျွန်ုပ်သည် အရေးပါသောသူတစ်ဦးဖြစ်ပါသလား။

*"လာကြ၊ ချောင်းထဲ ဘယ်သူအရင်ရောက်မလဲ ပြိုင်ကြရအောင်ဟေ့"*ဟု ဆန်းမင်းက သူငယ် ချင်းများကို အော်ခေါ်လိုက်သည်။ အချိန်မှာ ညနေစောင်းခန့် ဖြစ်သည်။ ကလေးများ အားလုံးသည် သူတို့၏ မိခင်များအတွက် ရေခပ်ပေးနေကြသည်။ ရွှံ့ဗွက် ထနေသော လမ်း ကလေးအတိုင်း ဟိုဟိုဒီဒီပြေးလွှားကာ စမ်းချောင်းလေးဆီသို့ ပြေးသွားကြသည်။ *ငါအရင်ရောက်ပြီဟေ့*ဟု ဆန်းမင်းက အော်လိုက်သည်။ ပြီးနောက် ရေပုံးထဲသို့ဦးစွာ အရင် ရေခပ်နိုင်ဖို့ စမ်းချောင်းလေးဆီသို့ အလျင်အမြန်ပြေးသွားသည်။ မိဘများမှ အခြား အလုပ်တစ်ခု မခိုင်းခင်၊ အချိန်ကြာကြာ ဘောလုံးကစားနိုင်မည့် မျော်လင့်ချက်လေးဖြင့် ရွာထဲသို့ အပြေး ပြန်ကြသည်။

ကလေးများရွာထဲသို့ပြေး၍ ပြန်လာစဉ် ရွာထဲ၌ တစ်စုံတစ်ခု ဖြစ်ပျက်နေကြောင်းကို ရိပ်စားမိလိုက်ကြသည်။ လူကြီးတစ်စုမှာ ဈေးတစ်နေရာတွင် စကား ပြောဆိုနေကြသည်။ ပုံမှန်အားဖြင့် ဤအချိန်သည် အိမ်ထောင်ရှင်မ များအတွက် ညနေစာပြင်ဆင်ချိန် ဖြစ်သော် လည်း သူတို့သည် ဘုရားကျောင်း အပြင်၌ အုပ်စုဖွဲ့ထိုင်နေကြသည်။

ဆန်းမင်းသည် သူ၏ရေပုံးနှင့်အတူ အိမ်သို့ အပြေးနှင်၍ ရေပုံးကို မီးဖိုခန်းတွင် ပစ်ထားခဲ့လိုက်သည်။ အစ်ကို တစ်ယောက်အား ဟိုဟို ဒီဒီ လိုက်ရှာကြည့်ရာ မျက်မှောင် ကုတ်လျက် တံခါးမကြီးနားကျောပေး မှီ၍ ရပ်နေသော ၁၆ နှစ်

အရွယ်၊ အစ်ကိုဖြစ်သူ ဆန်းထွန်းကို တွေ့ လိုက်သည်။ ဆန်းမင်းက *ဘာတွေဖြစ်နေတာလဲ* ဟု မေးလိုက်သည်။ ဆန်းထွန်းက *ဟာကွာ ကလေးက ကလေးလိုနေကွာ* ဟုပြောပြီး ဆန်းမင်းအား တွန်း၍ အိမ်ထဲသို့ ဝင်သွားသည်။

ထိုအခိုက်ဝယ် ထင်းအချို့ထမ်းပြီး ညီမဖြစ်သူ နှင်းဆီ ပြန်ရောက်လာခဲ့သည်။ နှင်းဆီ ကို ကြည့်ရသည်မှာ ထိတ်လန့်နေပုံရသည်။ *ဘာဖြစ်နေတာလဲ* ဟု မေးသောအခါ နှင်းဆီက *ငါလည်းမသိဘူး။ ဟို အမျိုးသမီးကြီးတွေက ငါ့ကို အဝေးကို သွားပါတဲ့။ ငါက အရမ်းငယ် သေး လို့ ဘာမှနားလည်မှာ မဟုတ်သေး ဘူးတဲ့၊ ဒါပေမယ့် ငါထင်တာ တစ်ခုခုတော့ ဖြစ်တော့မယ် ထင်တာပဲ* ဟု ပြန်ဖြေလိုက်သည်။

ထိုညက ဆန်းမင်း အပါအဝင် မိသားစုဝင်တွေ အားလုံး ညနေစာကို သစ်ပင်များ ကြားတွင် သုံးဆောင်နေခဲ့ကြသည်။ လူကြီးများအချင်းချင်း တီးတိုးပြောဆိုမှုများရှိနေခဲ့ကြပြီး၊ ဆန်းမင်း၏ဖခင်မှာ ရေဒီယိုနားထောင်ရန် အိမ်ထဲသို့ မကြာခဏ သွားရောက်ခဲ့သည်။ ၁၁ နှစ်အရွယ်ဖြစ်သော ဆန်းမင်းသည် မိဘနှစ်ပါးအား မေးခွန်းအချို့ မေးရန် ကြိုးစားခဲ့ သော်လည်း မိဘများက သူတို့ကို တိတ်တိတ်နေရန်သာ ပြောဆိုခဲ့သည်။ အသက် ၉ နှစ် အရွယ်ဖြစ်သော နှင်းဆီကလည်း သူမ၏ စကားကို တစ်ယောက်တစ်လေကမျှ နား မထောင် ပေးကြသဖြင့် ဘာကိုမှ ထပ်၍မေးရန် မကြိုးစားတော့ပေ။ ထိုညက စိုးရိမ် ထိတ်လန့်စိတ်ဖြင့် အိပ်ယာဝင်ခဲ့ကြသည်။ ကလေးနှစ်ဦးစလုံးက သူတို့ ဘာတွေးတွေး ဘာပြောပြော မည်သူတစ်ဦးကမှ ဂရုမစိုက်ပေးကြဟု စဉ်းစားနေခဲ့ကြသည်။ ဆန်းမင်းက အိပ်ပျော်နိုင်ရန် ငါ့ကိုတစ်ကယ်ချစ်ပြီး ဂရုစိုက်ပေးတဲ့ တစ်ယောက်ယောက်ရဲ့အကြောင်းကိုတွေးလိုက်တာက ပိုကောင်းမယ်။ ငါက တစ်ယောက်ယောက်အတွက် အရေးပါ တဲ့သူ ဖြစ်တယ်ဆိုတာ သိဖို့အတွက်ရောပေါ့။ သို့ပေမယ့် သူအကြာကြီး မအိပ်ခဲ့ပေ။ အဘယ်ကြောင့် ဆိုသော်ညသန်းခေါင်ယံ၌ ရုတ်တရက်.....

ဤရုပ်ပုံသည် ကျွန်တော်၏ပုံ ဖြစ်ပါသည်။

ကျွန်ုပ်သည် ဘုရားသခင်အတွက် အရေးပါသောသူ ဖြစ်ပါသည်။

# ဖန်ဆင်းခြင်း

## ကမ္ဘာဦးကျမ်း ၁-၂။

ဘုရားသခင် ဤကမ္ဘာကြီးအား မဖန်ဆင်းမီ ဘုရားသခင် တစ်ပါးတည်းသာလျှင် ရှိတော် မူခဲ့ သည်။ သူ့ကို မည်သူကမျှ မဖန်ဆင်း ထားခဲ့ပေ။ အစအဦး၌ ဘုရားသခင်သည် ဤ ကမ္ဘာကြီးနှင့် စကြာဝဠာတစ်ခုလုံးအား ဖန်ဆင်းရန် အသင့်ရှိသောအခါ မှောင်မိုက်ခြင်း၊ ရှုပ်ထွေးခြင်းနှင့် ပုံသဏ္ဍာန်မဲ့ခြင်းသာ ရှိခဲ့သည်။

ပထမနေ့၌ ဘုရားသခင်သည် အလင်းနှင့် အမှောင်ကို အမိန့်တော်ပေး၍ ရှိစေတော် မူခဲ့သည်။ ထို့အပြင် ဖန်ဆင်းထားသောအရာ အားလုံး ကောင်းသည်ဟု နုတ်မြွက်တော် မူခဲ့သည်။

ဒုတိယနေ့၌ဘုရားသခင်သည်ရေထုနှင့်မိုးမျက်နှာကြက်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။



တတိယနေ့၌ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်ရှိရေများကို စုဝေးစေ၍ ပင်လယ် နှင့်သမုဒ္ဒရာများကို ဖန်တီးတော်မူခဲ့သည်။ ထို့နောက် အမိန့်တော် ရှိပြန်၍ သစ်ပင်၊ ပန်းပင် အမျိုးမျိုးထွက်ပေါ်ခဲ့သည်။ အပင်တိုင်း၌ မူလအပင်ပုံစံအတိုင်း ပြုလုပ် နိုင်မည့် မျိုးစေ့ကိုလည်း ရှိစေတော်မူခဲ့သည်။ ဘုရားသခင်သည်

သူဖန်ဆင်းထားတော် မူသမျှတို့ကို ကြည့်ရှုတော်မူ၍ ဖန်ဆင်းထား တော်မူသော အရာ အားလုံးကောင်းသည် ဟု နုတ်မြွက် တော်မူခဲ့ပြန်သည်။

စတုတ္ထနေ့၌ ဘုရားသခင်သည် နေ့အချိန်၌ အလင်းပေးရန် နေကြီးအား ဖန်ဆင်းတော် မူခဲ့သည်။ ထို့အပြင် လမင်းကြီးနှင့် ကြယ်တာရာများအား လည်း ညအချိန်၌ အလင်းပေးရန် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ထိုအမှုအရာ ကောင်းသည်ဟု မိန့်တော်မူ ခဲ့သည်။

ပဉ္စမနေ့၌ ပျံဝဲတတ်သောငှက်များနှင့် ရေကူးတတ်သော ငါးများကို ဖန်ဆင်း တော်မူ ခဲ့သည်။ တစ်မျိုးစီသည် ကွဲပြား ခြားနား သည်။ ဘုရားသခင်ကလည်း မွေးဖွားကြလော့။ပင်လယ်နှင့် မိုးကောင်းကင်တို့ကို ပြည့်စေကြလော့ ဟုကောင်း ကြီး ပေးတော်မူ ခဲ့သည်။ တဖန် ဘုရားသခင်လည်း ဖန်ဆင်းထားတော် မူသမျှတို့ သည် ကောင်းသည်ဟု မိန့်တော် မူခဲ့သည်။

ဆဋ္ဌမနေ့ရက်တွင် ဘုရားသခင်က ခွေးများနှင့်ကြောင်များ၊ မြင်းများနှင့် နွားများ၊ ဆင်များ နှင့်သစ်ကုလားအုပ်များကဲ့သို့ မတူညီသော တိရိစ္ဆာန်များကို ဖန်ဆင်းခဲ့သည်။ အိမ် မြှောင် များနှင့် ပင့်ကူများကဲ့သို့သော တွားသွား သတ္တဝါ လေး များကိုလည်း ဖန်ဆင်းခဲ့ပါသည်။ ဘုရားသခင်သည် တိရိစ္ဆာန်တစ်မျိုးနှင့် တစ်မျိုး မတူကွဲပြား ခြားနားစွာ ဖန်ဆင်း တော်မူခဲ့ သည်။ ထို့အပြင် ထိုတိရိစ္ဆာန် တစ်မျိုးစီသည်လည်း သူတို့၏ဖခင်၊ မိခင်များနှင့်အတူ တိရိစ္ဆာန်သားသား၊ မီးမီးလေးများ မွေးဖွားနိုင်အောင် စီမံတော်မူခဲ့သည်။

ထို့နောက် ဘုရားသခင်သည် ဖန်ဆင်းတော်မူသမျှတို့ထက် အင်မတန်မှ အံ့ဩဘွယ် ကောင်းသော သတ္တဝါတစ်မျိုးကိုလည်း ဖန်ဆင်းခဲ့သည်။ ထိုသတ္တဝါ တို့မှာ လူယောကျ်ားနှင့် လူမိန်းမတို့ပင် ဖြစ်သည်။ ဘုရားသခင်သည် ထိုသူ နှစ်ဦး အား များပြားစွာ မွေးဖွား ကြလော့။ မြေကြီးကိုပြည့်စေကြလော့ဟု မိန့်တော်မူခဲ့ သည်။ ထိုလူ ယောကျ်ားနှင့် မိန်းမ တို့သည် အခြားတိရိစ္ဆာန်များနှင့် မတူပဲ အထူး ဖန်ဆင်းခြင်းခံရသောသူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရား သခင် သည် သူ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်း ထားသော ကြောင့် စ်သည်။ ဖန်ဆင်းခြင်း အမှုပြီးနောက်တွင် ဘုရားသခင်သည် ဖန်ဆင်းထားတော်မူ သမျှ တို့ကို ကြည့်ရှုတော်မူ၍ အလွန်ကောင်းသည်ဟု မိန့်တော်မူခဲ့ သည်။

ထို့နောက် ဘုရားသခင်သည် ဖန်ဆင်းသောအမှုအရာအားလုံးကို လက်စသတ်၍ သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူခဲ့သည်။

## **ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးအား ဖန်ဆင်းခဲ့သည်။**

နေ့ရက်အလိုက် ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာများကို ရေးဆွဲပါ။

| | |
|---|---|
| ၁။ အလင်း နှင့် အမှောင် | ၂။ ရေထုနှင့် မိုးမျက်နှာကြက် |

| | |
|---|---|
| ၃။ ပင်လယ် နှင့်သမုဒ္ဒရာများ၊ သစ်ပင်၊ ပန်းပင် | ၄။ နေ၊ လ၊ ကြယ် |
| ၅။ ငှက်နှင့် ငါးများ | ၆။ တိရိစ္ဆာန်များနှင့် လူသား |

# အလွတ်ကျက်မှတ်ရန် ရွေကျမ်းချက်

| |
|---|
| ကမ္ဘာ ၁း၃၁။ ဘုရားသခင်သည်ဖန်ဆင်းတော်မူခဲ့သမျှ တို့ကိုရှုမြင်၍ အလွန်နှစ်သက်တော်မူ၏။ |
| |

# သင်ခန်းစာ ၂။ အဘယ်ကြောင့် မကောင်းသော အရာများ ဖြစ်ပေါ်ရသနည်း။

## ကျရှုံးခြင်း

**ကမ္ဘာဦး ၂-၃**

ဘုရာသခင် ပထမဦးဆုံး ဖန်ဆင်းတော်မူခဲ့သော ကမ္ဘာဦး လူသားနှစ်ဦး၏ အမည်များမှာ အာဒံနှင့် ဧဝတို့ ဖြစ်ကြသည်။ ဘုရားသခင်သည် ထိုလူသား နှစ်ဦး အား သာယာလှပသော ဥယျာဉ်တစ်ခု၌နေရာချထားတော်မူ၍ ထိုဥယျာဉ် အတွင်းရှိ သူဖန်ဆင်းထားသော သစ်ပင်၊ ပန်းမံများနှင့် တိရိစ္ဆာန်များအား ပြုစု ထိန်းသိမ်း စောင့်ရှောက်စေခဲ့သည်။ ထိုလူသား နှစ်ဦးအတွက် တစ်ခုတည်း သော ပညတ်ချက်မှာ ကောင်း၊မကောင်းကို သိကျွမ်းရာ အပင်၏ အသီးကို မစား ရန်ဖြစ်သည်။ ထာဝရဘုရားသခင်ကလည်း *ကောင်း၊မကောင်းကို သိကျွမ်းရာ အပင်မှတပါး ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်တို့သည် စားရ သော အခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန် အမှန် သေရမည်* ဟု လူကို ပညတ်ထားတော်မူခဲ့သည်။

ဥယျာဉ်အတွင်းရှိ သတ္တဝါများထဲတွင် မြွေဆိုးတစ်ကောင် ရှိသည်။ အမှန်စင်စစ် ထိုမြွေ သည် စာတန်ပင်ဖြစ်သည်။ စာတန်သည် ဘုရားသခင်အား အမြဲတမ်း တိုက်ခိုက် ချင် သောသူ ဖြစ်သည့်အပြင် ဘုရားသခင်၏ နေရာကို လုယူ၍ အုပ်စိုး ချယ်လှယ် ချင် သော သူလည်းဖြစ်သည်။ သူသည် ဘုရားသခင် အား အမြဲတမ်း ပုန်ကန်သောသူ၊ လိမ်လည် လှည့်ဖြား တတ်သောသူ၊ ဆိုးညစ် သောအမှုများကိုပြု၍ လူသားများအား နာကျင်အောင် လုပ်သောသူလည်း ဖြစ်သည်။ ထို့ကြောင့် ထိုမြွေဆိုးသည် ဧဝထံသို့ရောက်လာ၍ *သင်တို့ သည် ဥယျာဉ်၌*

*ရှိသမျှသော အပင်တို့၏ အသီးကို မစားရဟု ကေန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော* ဟု မေးခဲ့သည်။ ဧဝကလည်း *ငါတို့သည် ဥယျာဉ်၌ ရှိသမျှ သော အပင် တို့၏ အသီးကိုစားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကို ကား၊ သင်တို့ သည် မကိုင် မစား ဘဲနေကြ လော့။ သို့မဟုတ် သေမည်* ဟု *ဘုရားသခင်အမိန့်တော်ရှိသည်* ဟု မြွေဆိုးအား ပြောပြခဲ့သည်။ မြွေဆိုးက လည်း *သင်တို့သည် ကေန် အမှန်သေရမည် မဟုတ်၊ အကြောင်းမူကား၊ ထိုအသီး ကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်း မကောင်းကို သိ၍၊ ဘုရား သခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို ဘုရားသခင် သိတော်မူသည်* ဟု ဧဝ အား ပြောပြခဲ့သည်။



ဧဝသည် ထိုအသီးကိုယူ၍ အချို့ကိုစားပြီး အချို့ကိုသူ၏ အမျိုးသား အာဒံ အားလည်း ပေးလိုက်သည်။ ထို့နောက် အာဒံနှင့်ဧဝတို့သည် အဝတ်ဗလာ ဖြစ်နေ ကြသည်ကို သတိ ထားမိခဲ့ကြပြီး၊ ကြောက်စိတ်များ စတင်ဝင်လာခဲ့ လေ သည်။ ညနေအချိန်တွင် ထို ဥယျာဉ်သို့ ဘုရားသခင် ကြွလာတော်မူသောအခါ သူတို့ သည် ပုန်းနေခဲ့ကြသည်။ ဘုရား သခင်က *ဘာကြောင့် ပုန်းနေကြတာလဲ* လို့ မေးမြန်းသောအခါ အာဒံက *အဝတ်ဗလာ ဖြစ် နေကြသောကြောင့် ပုန်းနေပါ သည်* ဟု ပြန်ပြောခဲ့ပါသည်။ ဘုရားသခင်ကလည်း *သင်၌ အဝတ်ဗလာ ဖြစ်နေ တာကို ဘယ်သူ ပြောပြသနည်း။ မစားရဟု ပညတ်ထားသော အပင်၏ အသီးကို*

*စားပြီလော* ဟု မေးတော်မူ သည်။ အာဒံကလည်း *ကိုယ်တော် ပေးတော်မူသော မိန်းမက ကျွန်တော့်ကိုပေးလို့ စားလိုက်ပါတယ်* ဟု ပြန်ပြောခဲ့တယ်။ ထိုနောက် ဘုရားသခင်က မိန်းမကိုလည်း *ဘာကြောင့် ထိုသို့ လုပ်ရပါသနည်း* ဟု မေးသော အခါ မိန်းမက *မြွေသည် ကျွန်မကို လှည့်စားလို့ စားမိပါပြီ* ဟု ပြန်ပြောခဲ့ လေသည်။

မကောင်းမှုဟူသည် မှားယွင်းမှုကြောင့် ဖြစ်လာရစမြဲ ဖြစ်သည်။ ဘုရားသခင် ကလည်း မြွေဆိုးအား ဝမ်းဖြင့်သွားရမည်။ သူနှင့် မိန်းမတို့ အကြားတွင် ရန်ငြိုး ရှိစေမည် ဖြစ် ကြောင်း မိန့်တော်မူခဲ့သည်။ ထို့အပြင် ဘုရားသခင် ဂတိတော်ထားတော်မူခဲ့ သည်မှာ နောင် ရာစုနှစ်များစွာကြာပြီးနောက်တွင် မိန်းမ၏ အမျိုးအနွယ်ထဲမှ တစ်စုံ တစ်ဦးသည် စာတန်၏ ဦးခေါင်းကို ကြိတ်လိမ့်မည် ဟုဖြစ်သည်။ ဆိုလိုရင်းမှာ ထိုပုဂ္ဂိုလ်သည် စာတန် အား အနိုင်ယူလိမ့်မည်။ ထို့နောက် ဘုရားသခင်က ဧဝအား သူသည် ပင်ပန်းစွာ ဝေဒနာ ခံ၍ သားကို ဘွားရမည်။ သူမ၏ခင်ပွန်းသည် သူမကို အုပ်စိုးလိမ့်မည်ဟုမိန့် တော် မူခဲ့ သည်။

ထို့နောက် ဘုရားသခင်က အာဒံအား သူသည် ပင်ပန်းကြီးစွာ စိုက်ခင်းများ တွင် အလုပ် လုပ်၍ အသက် မွေးဝမ်းကျောင်းပြုရမည်ဟု မိန့်တော်မူခဲ့သည်။ ဘုရားသခင် သည် ထိုသို့ ပြောခဲ့သော်လည်း အာဒံနှင့် ဧဝတို့အား ချစ်နေမြဲပင် ဖြစ်သည်။ သူတို့သည် အပြစ်ပြုမိခဲ့ သော်လည်း သူတို့သည် ဘုရားသခင် အတွက် အထူးအရေးပါသော သူများဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင် သည် သူတို့နှစ်ဦးအတွက် တိရိစ္ဆာန်သားရေဖြင့် အဝတ်အစား ပြုလုပ်ပေးတော်မူခဲ့သည်။

ထို့နောက်တွင် ဘုရားသခင်သည် သူတို့နှစ်ဦးအား ဥယျာဉ်ထဲမှ မောင်းထုတ်တော်မူခဲ့သည်။ ဥယျာဉ်၏ အရှေ့ဘက်ခြမ်းတွင် ဘုရားသခင်က အသက်ရှင်သော သားရဲ တိရိစ္ဆာန် များနှင့် အရပ်ရှစ်မျက်နှာသို့လှည့်တတ်သော မီးစက်လက်နက် တို့အား အစားထိုး နေရာချ ထားတော်မူခဲ့သည်။ ဤအရာက သူတို့အား ဥယျာဉ်သို့ပြန်လာရန် အတားအဆီး ဖြစ်စေခဲ့သည်။

## အလွတ်ကျက်မှတ်ရန် ရွှေကျမ်းချက်

| ဆာလံကျမ်း ၁၄၇:၃။ စိတ်ကြေမွသော သူတို့ကို နှစ်သိမ့်စေ၍ သူတို့၏ အနာကို ကုတော် မူ၏။ |
| --- |
| |

## ထထ မြန်မြန်ပြေး။

ညသန်းခေါင်ယံ၌ ရုတ်တရက် ဆန်းမင်းနှင့် နှင်းဆီတို့၏မိဘနှစ်ပါးသည် သူတို့၏ ကလေးများအား အစောတလျှင် လှုပ်နှိုးနေကြသည်။ သူတို့အားလုံးသည် ရွာထဲမှ အလျှင်အမြန် ထွက်ပြေးကြရမည်ဖြစ်သောကြောင့် ယူနိုင်သည့် ပစ္စည်းများကို ယူကြရန် ပြောသည်။ ဆန်းမင်း၏ မိဘနှစ်ပါး ဖြစ်ကြသော၊ ဦးလမ်ဘို နှင့်ဒေါ်ဂျူဒီသည် သူတို့၏ ကလေး (၆) ယောက်နှင့်အတူ အသက်ကြီးပြီဖြစ်သော ဦးကြီးတို့နှင့် အတူ အိမ်ထဲမှထွက်ပြေးကြသည်။

သူတို့အားလုံး ထွက်ပြေးနေကြစဉ် သေနတ် ပစ်သံများကို ကြားရသလို အိမ်တစ်ချို့ မီးလောင်နေသည်ကိုလည်း မြင် တွေ့ရသည်။အမှောင်ထဲမှာ ဝတ်စုံဆင်တူ ဝတ်ဆင်ထားသော အမျိုးသားများ ရွာပတ်ပတ်လည်တွင် ဟိုဟိုဒီဒီ ပြေးလွှားနေ သည်ကို မြင်တွေ့ရသည်။

သူတို့အားလုံးတောထဲသို့ ပြေးနေကြစဉ် ဆန်းမင်းသည်နောက်ပြန် လှည့်ကြည့် လိုက်ရာ ဦးကြီးသည် အလျင် အမြန် မပြေးနိုင်ပဲ မိသားစုဝင်အားလုံး၏ နောက်ဆုံးမှသာ ပြေးလာ နေသည်။ ဆန်းမင်း ကြည့်နေစဉ်ပင် သေနတ်သံ ကြား

ပြီး ဦးကြီးမှာ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျ သွားသည်ကို မြင်လိုက်ရသည်။ ဆန်းမင်း၏ဖခင်သည် သူ၏ မိသားစုဝင်များ အား *လာကြလာကြ* ဟု အော်ခေါ် နေသည်။



ထိုညမှာ လရောင်မှိန်မှိန်လေးနှင့် အမှောင်အတိ ဖုံးသော ညတစ်ညပင် ဖြစ်သည်။ သူတို့သည် သစ်တောအုပ်အတွင်းသို့ ပြေးကြသောအခါ ဆန်းမင်း၏ မိသားစုနှင့် ရွာထဲမှ အခြားမိသားစုများသည် ရောထွေးသွားသည်။ ရုတ်တရက် ဆိုသလိုပင် သစ်တောအုပ် အနောက်မှ သေနတ်ကိုယ်စီနှင့် ယောက်ျား အချို့တို့သည် သူတို့ရှေ့တွင်ပေါ်လာ၍ သူတို့ ပြေးနေစဉ်မှာပင် သူတို့အား သေနတ်ဖြင့် စ၍ ပစ်လေတော့သည်။

ထိုသို့ ရုန်းရင်းဆန်ခတ်ဖြစ်သွားစဉ် ဆန်းမင်းသည် သူ့မိသားစုဝင်များနှင့် တစ်သီး တခြားစီဖြစ်သွားခဲ့သည်။ သူသည် ဆူညံသံနှင့် သေနတ်သံတွေ အားလုံး၏ ဝေးရာဆီသို့ အဆက် မပြတ် ထွက်ပြေးနေခဲ့သည်။ ခဏအကြာတွင် ဆန်းမင်းသည် အခြားရွာတစ်ရွာမှ လွတ်မြောက် လာကြသော လူတစ်စုနှင့်တွေ့၍ ပေါင်းမိသွားခဲ့သည်။ သူတို့အဖွဲ့သည် လုံခြုံပြီဟု ယူဆရသော တစ်နေရာသို့ ရောက်သောအခါ သစ်ပင်များ၏အောက်တွင် အိပ် စက် အနားယူဖို့ ကြိုးစား ခဲ့ကြသည်။

ဆန်းမင်းသည် လှဲလျောင်းနေရင်း စတင်တွေးမိသည်မှာ ယခုမိမိ၌ မည်သည့် အရာများ ဖြစ်ပျက်လာအုံးမည်နည်း။ မိမိ၏ မိသားစုအား မည်ကဲ့သို့ ရှာဖွေနိုင်မည်နည်း။ ဦးကြီး မည်ကဲ့သို့ဖြစ်သွားပြီနည်း။ မိမိတို့အား သတ်ရန်နှင့် နေအိမ်များအား မီးရှို့ရန် ရွာသို့ ရောက် လာကြသော ဤလူဆိုးများမှာ မည်သူတို့နည်း။ သင်းအုပ်ဆရာက ဘုရားသခင် သည် မိမိတို့အား ချစ်ကြောင်းပြောပြီး အဘယ်ကြောင့် သူသည် ဤလူဆိုးများအား ဝင် ရောက်လာစေသနည်း။ ဆန်းမင်းသည် ဤအတွေးများဖြင့် ခေါင်းကိုက်လာပြီး အဆုံးတွင် အိပ်မော ကျသွားခဲ့လေသည်။

# ခံစားမှုပြ မျက်နှာ အမူအရာ

ပျော်ရွှင်သော မျက်နှာနှင့် ဝမ်းနည်းသော မျက်နှာ တို့ကို ရေးဆွဲပါ။

| | |
|---|---|
| ပျော်ရွှင်သော မျက်နှာ ပုံစံ | ဝမ်းနည်းသော မျက်နှာ ပုံစံ |



# သင်ခန်းစာ ၃။ မိမိတို့ မည်သို့ ခံစားရကြောင်းကို ပြောပြခြင်း

## နှင်းဆီ စိတ်မကောင်းဖြစ်သည်။

ဆန်းမင်းက လွဲ၍ ဆန်းမင်းတို့ မိသားစုဝင်များအားလုံး အတူတကွရှိနေကြပြီး သူတို့ အားလုံး ဆန်းမင်းကို ကြိုးစားရှာဖွေနေကြသည်။ အဆုံးတွင် ရှာဖွေနေမှုကို ရပ်နားပြီး အနားယူ ကြရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့အခြေချပြီးနောက် ရွာမှအခြားမိသားစု သုံးစုလည်း ရောက်ရှိလာခဲ့သည်။ အချို့သော အမျိုးသမီးများသည် ရှိုက်ကြီး တစ်ငင် ငိုကြွေးနေကြ သည်။ အမျိုးသားများက သူတို့ရွာကို မီးရှို့ဖျက်ဆီးခဲ့ကြသော သူပုန်များ ကြားသွားမည်ကို စိုးရိမ်သောကြောင့် ထို အမျိုးသမီးများအား တိုးတိုးတိတ်တိတ် နေကြ ရန် ပြောဆို နေကြသည်။

ဆန်းမင်း၏ ညီမဖြစ်သူ နှင်းဆီသည် သူမ၏ကျောင်းနေဖက် သူငယ်ချင်းကောင်း တစ်ဦးဖြစ်သော ဂျေနာ၏ မိသားစု ရောက်လာသောကြောင့် ပျော်ရွှင်နေသည်။ သို့သော် ဂျေနာကို ရှာမတွေ့သောကြောင့် တစ်ခုခု မှားနေကြောင်း မကြာမီမှာပင် သတိထားမိသွားသည်။ ဂျေနာ၏အစ်ကိုကြီးဖြစ်သူက သူတို့ မိသားစုရွာထဲမှထွက်ပြေးစဉ် သူပုန်တစ်ဦးမှ ဂျေနာအား ပစ်သတ်သွားခဲ့ ကြောင်းပြောပြသည်။ သူမ၏ အလောင်းကို ကောက်ယူမည့် မည်သူကိုမဆို သူပုန်များ သေနတ်ဖြင့် ပစ်သတ်မည် ဖြစ်သောကြောင့် သူမ၏ အလောင်း ကိုပင် မသယ်လာနိုင်ခဲ့ကြောင်း အစ်ကို ဖြစ်သူက ဆက်ပြောပြသည်။

နှင်းဆီလေးမှာ သူမ၏မိသားစုများရှိရာသို့ ပြေးသွားပြီး သစ်ပင်တစ်ပင်တွင် ကျောပေးကာ မှီနေလိုက်သည်။ သူမသည် အလွန်ဝမ်းနည်းလွန်းသောကြောင့်

ထုံအ သွားပြီး၊ မငိုကြွေး နိုင်တော့ပေ။ တခဏအကြာ၌ သူမကို နှစ်သိမ့်နိုင်ရန် သူမ၏ မိခင် ရောက်လာ ခဲ့သည်။

နှင်းဆီသည် အတန်ကြာ သူမ၏ မိခင်ကိုပင် စကားမပြောနိုင်ဘဲ ရှိနေ ရာမှ ရုတ်တရက် ဒေါသမာန်ပါသော မေးခွန်းအချို့ကို မေးမြန်းပြီး ပေါက် ကွဲထွက်လာသည်။ *ဘာကြောင့် လူဆိုးတွေက ဂျေနာကို ပစ်သတ်ရ တာလဲ။ ဘာကြောင့် ဦးကြီးကိုလည်း သူတို့ သတ်သွား တာလဲ။ သူတို့ကို ဘာမှ မလုပ်ခဲ့ဘဲ ဘာကြောင့် သမီးတို့ ကို နာကျင်အောင် လုပ်ရတာလဲ။ ဆန်းမင်း ကော အခုဘယ် မှာလဲ။ သူလည်း သေပြီ ထင်တယ်။ ဒါလုံးဝ မတရားဘူး* ဟု မေးခွန်းများ ဆက်တိုက် မေးလေ တော့သည်။ နှင်းဆီ နှင့် သူမမိခင်တို့ နှစ်ဦးသည် အတူ ငိုကြွေးနေခဲ့ကြသည်။ ထိုနောက် မိခင်က သူ့သမီးကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သည်။

နာရီအနည်းငယ် ကြာပြီးနောက် မိုးလင်း လာခဲ့ သည်။ မိသားစုများသည် လည်း သူတို့ မည်သို့ရှေ့ဆက် သွားကြမည်ကို ဆွေးနွေးတိုင်ပင်ကြသည်။ နှင်းဆီ၏ ဖခင်ဦးလမ်ဘိုသည် နဂိုကတည်းကရွာသူကြီးဖြစ်ခဲ့သဖြင့် ယခုအခြေအနေတွင်လည်း အလိုအလျောက် အဖွဲ့ ခေါင်းဆောင် ဖြစ်သည်။ သူက သူပုန်များ၏ အရိပ်အယောင် ရှိမရှိ စုံစမ်းရန်နှင့် ဆန်းမင်းအား ရှာတွေ့နိုင်ရန်အတွက် လူငယ် နှစ်ဦးအား စေလွှတ်လိုက်သည်။

သူတို့သည် နာရီအနည်းငယ်ကြာပြီး နောက် ရောက်ရှိလာပြီး သူပုန်များ သူတို့၏ ဘေးပတ်လည်တွင်ရှိနေသေးကြောင်းနှင့် ၎င်းတို့သည် လက်ရှိနေရာတွင် ဆက်လျက် နေထိုင် ရန်လိုအပ်ကြောင်း ပြောပြသည်။ ထိုလူငယ် နှစ်ဦးကလည်း သူတို့ ပုန်းနေသည့်နေရာနှင့် မလှမ်းမကမ်းတွင် ပြောင်းဖူးခင်း တစ်ခုကို တွေ့ရှိခဲ့ပြီး အယောက်တိုင်းစားဖို့ ပြောင်းဖူးများလည်း ချိုးယူလာခဲ့ကြသည်။ ဦးလမ်ဘိုက မီးမွေးနိုင်ဖို့ရန်အတွက် ပလတ်စတစ် အိတ်တစ်ခု၌ မီးခြစ်များ ကြိုတင် ပြင်ဆင် လာခဲ့သောကြောင့် သူတို့ မီးမွေးနိုင်ခဲ့သည်။ အယောက်စီတိုင်းမှာ ထိတ်လန့်ကြောက်ရွံ့ နေဆဲပင်ဖြစ်သော်လည်း ညတာအတွက် တည်းခိုရန် နေရာ ပြင်ဆင်ရန်လိုအပ်ကြောင်း သတိထား မိကြသည်။

## ကျွန်တော်၏ (ငိုကြွေး) မြည်တမ်းခြင်းစာ

ဘုရားသခင် ကျွန်တော့်ကို အောက်ပါ အခြေအနေများကို ကြုံတွေ့စေခြင်းသည် မကောင်းပါ။

# ယောသပ်နှင့် မနာလိုတက်သော သူ၏အစ်ကိုများ

## ကမ္ဘာဦးကျမ်း ၃၇

ဘုရားသခင်က အာဒံနှင့်ဧဝအား လုပသောဒေင်ဥယျာဉ်ကြီးမှ နှင်ထုတ်လိုက်ကြောင်းကို အရင်ပြောပြခဲ့သည့် ပုံပြင်၏ အဆုံးပိုင်းတွင် ပြောဖြစ်ခဲ့ကြသည်။ သူတို့တွင် သားသမီး များရှိခဲ့ကြသည်။ သူတို့ သားသမီးများမှ တစ်ဆင့်နောက်ထပ် သားသမီးများ မွေးဖွား ခဲ့ကြပြီး သူတို့သည် ကမ္ဘာအနှံ့တွင် နေထိုင်ခဲ့ကြသည်။ ဒီကနေ့ ပြောပြမည့် ပုံပြင် သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဖြစ်ခဲ့သော အကြောင်းအရာ တစ်ခုဖြစ်သည်။

သမ္မာကျမ်းစာတွင် အသက် (၁၇) နှစ် အရွယ်ဖြစ်ခဲ့သော ယောသပ် အကြောင်းကို ဖော်ပြထားပါသည်။ သူသည် သူ၏အစ်ကိုများနှင့်အတူ ဖခင်၏ သိုးများကို ထိန်းကျောင်းရ သည်။ ယောသပ်သည် အိမ်သို့ပြန်လာသောအခါ သူ့အစ်ကိုများ၏ မလိမ္မာသော အပြုအမူများနှင့် လုပ်ဆောင်မှုများကို သူ၏ ဖခင်အားပြောပြသည်။ ဖခင်ဖြစ်သူ ယာကုပ်က အခြား သားများထက် ယောသပ်ကိုချစ်၍ သူ့အတွက် အရောင်အသွေး အလွန်လှပသော ကုတ်အင်္ကျီတစ်ထည် ချုပ်ပေးလေသည်။ ဖခင်ယာကုပ်သည် ယောသပ်ကိုပို၍ ချစ်ကြောင်းကို သိသောကြောင့် အစ်ကိုများက ယောသပ်အား ရန်လိုမုန်းတီးကာ ပြောဆိုဆက်ဆံ ကြလေသည်။

ယောသပ်သည် ထူးခြားသော အိမ်မက်နှစ်ခုအား မြင်မက်ခဲ့သည်။ ပထမ အိမ်မက် မှာ ယောသပ်သည် သူ၏အစ်ကိုများနှင့် ကောက်လှိုင်းများ စည်းနေစဉ် အစ်ကိုများ၏ ကောက်လှိုင်းများသည် ယောသပ်၏ကောက်လှိုင်းများကို ကိုင်း၍ ရှိခိုးနေကြသည်။ ဒုတိယ အိမ်မက်မှာ နေ၊လ နှင့် ကြယ် (၁၁)လုံးတို့သည် သူ့အား ရှိခိုးနေကြသည်။ ထို အိမ်မက်များအရ တစ်နေ့သော အခါတွင် ယောသပ်သည် သူ၏ မိသားစုအား အုပ်စိုးမည် ဖြစ်ကြောင်းကို သိရှိထားသောကြောင့် သူ၏အစ်ကိုများက သူ့အား ပို၍ မုန်းတီးကာ မနာ လို ဝန်တိုကြလေသည်။

အချိန်အတော်ကြာပြီးနောက် တစ်နေ့တွင် ဖခင်ယာကုပ်က ယောသပ်အား သူ့အကို များကို သွားရှာရန် စေလွှတ်လိုက်သည်။ အစ်ကိုများတို့သည်

ယောသပ်လာနေ ကြောင်း ကို မြင်သောအခါ သူ့အား သတ်ပစ်ရန် ကြံစည်ကြလေသည်။ *ဒီမှာဟေ့ အိမ်မက်ရှင်လာပြီ* ဟု သူတို့ အချင်းချင်း ပြောဆိုကြလေသည်။ *လာကြဟေ့။ သူ့ကိုသတ်ပြီး သူ့ရဲ့အလောင်းကိုခြောက်သွေ့နေတဲ့ ရေတွင်းထဲကို ပစ်လိုက်ကြရအောင်။ ပြီးတော့ သူ့ကို တောရိုင်းတိရိစ္ဆာန် တစ်ကောင်က သတ်လိုက်တယ်လို့ အဖေကို ပြောလိုက်ရအောင်။ သူ့ရဲ့ အိမ်မက် တွေ ဘယ်လိုဖြစ်လာမလဲ ကြည့်လိုက်ရအောင်ဟေ့* ဟု ယောသပ်၏ အစ်ကိုများက တိုင်ပင်ကြသည်။



အစ်ကိုအကြီးဆုံးဖြစ်သော ရုဗင်ကယောသပ်အား ကယ်တင်နိုင်ရန်အတွက် ယောသပ်ကို မသတ်ဘဲ ရေတွင်းထဲသို့သာပစ်ချဖို့ရန် အကြံအဉာဏ်ပေး လေသည်။နောက်မှသာတိတ်တဆိတ်ကယ်တင်ရန် ကြံစည်သည်။ ယောသပ် တစ်ခုခု ဖြစ်ခဲ့လျှင် အစ်ကို အကြီးဆုံး ဖြစ်သော သူ၌ တာဝန်အပြည့်အဝရှိကြောင်းကို ရုဗင် သိလေသည်။

သို့သော် သူခဏတာ မရှိသောအခိုက်အတန့်လေးတွင် ယုဒနှင့် ညီအစ်ကို များက ခရီးသွား ကုန်သည် အချို့ထံ ယောသပ်အား ရောင်းစားရန် ဆုံးဖြတ် လိုက်ကြလေသည်။

ကုန်သည်များက ခေါ်သွား ပြီးနောက်တွင် အစ်ကိုများက ယောသပ်၏ အင်္ကျီကို ဆိတ်အသွေးဖြင့် သုတ်လိမ်းလိုက် သည်။ အဲဒီအင်္ကျီကို သူ့အဖေ ထံယူသွားခဲ့ပြီး ယောသပ်ကို တော တိရိစ္ဆာန်တွေက ကိုက်စား လိုက်ပြီ ဖြစ်ကြောင်း ပြောလိုက်သည်။ ယာကုပ်သည် အလွန် ဝမ်းနည်းသွားခဲ့ပြီး၊ သူ ဝတ်ထားသည် အင်္ကျီကိုလည်း စုတ်ဖြဲခဲ့ သည်။ ပြီးနောက် သူ သေဆုံးသည့် နေ့ထိတိုင်အောင် သားယောသပ် အတွက် ဝမ်း နည်းမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယောသပ်၏ အစ်ကိုများက ယောသပ်ကို ငွေ (၂၀) ဖြင့် ကုန်သည်များထံ ရောင်းစားခဲ့ပါသည်။ ကုန်သည်များက ယောသပ်အား အီဂျစ်ပြည် သို့ ခေါ်ဆောင်သွားကာ အရာရှိ တစ်ဦးဖြစ်သူ ပေါတိဖာထံတွင် ကျွန်အဖြစ် ရောင်းစားလိုက်လေသည်။ ထို့ကြောင့် ယောသပ်သည် ဝမ်းနည်း၊ ကြောက်ရွံ့ထိတ်လန့်ကာ မိသားစုနှင့် ဝေးကွာသော နေရာတွင် စတင် နေထိုင်ခဲ့ရလေသည်။

## ဝမ်းနည်းကြောက်လန့်၍အီဂျစ်ပြည်သို့ထွက်ခွာနေသော ယောသပ်၏ ရုပ်ပုံကိုရေးဆွဲပါ။

## အလွတ်ကျက်မှတ်ရန်ကျမ်းချက်

| |
|---|
| ဆာလံ ၆၂:၈။ *အချင်းလူတို့ ဘုရားသခင်အား အစဉ်အမြဲ ကိုးစားကြလော့။ သင်တို့၏ ဒုက္ခ အပေါင်းကို ကိုယ်တော်အား ဖော်ပြကြလော့။ ကိုယ်တော်သည် ငါတို့ ခိုလှုံရာ ဖြစ်တော်မူ ၏။* |
| |



# သင်ခန်းစာ ၄။ အထီးကျန် စွာ ခံစားရခြင်း

## အိမ်အသစ်

မိသားစုဝင်များက သူ့အား ရှာဖွေနေစဉ်မှာပင် နှင်းဆီ၏အစ်ကိုဖြစ်သူ ဆန်းမင်းသည် မိသားစုနှင့် ဝေးသထက်ဝေးသော အရပ်သို့ ရောက်သွားခဲ့သည်။ ဆန်းမင်းသည် လူတစ်စု နှင့် အတူရှိနေပြီး၊ သူတို့အားလုံးသည် ဘေးကင်း လုံခြုံ လိမ့်မည်ဟု ယူဆသော တစ်ဖက် နိုင်ငံသို့ သွားရောက် ခိုလှုံရန် ဆုံးဖြတ်ခဲ့ကြသည်။ အဖွဲ့ထဲမှ လူကြီးများသည် ဆန်းမင်း အား ကူညီပေးလိုသော်လည်း သူတို့၏ သားသမီးများကိုသာ ဂရုစိုက် ပေးနေ ကြသည်။ စားစရာများ ပေးဝေရာတွင်လည်း ဆန်းမင်းသည် နောက်ဆုံးမှ လက်ခံရရှိသူ ဖြစ်သည်။

တစ်ရက်ပြီးတစ်ရက် ခရီးဆက်နေရသည်။ အဖျားတက်ပြီး လမ်းခရီးတွင် ကလေး ငယ်နှစ်ဦးသေဆုံးသွားခဲ့သည်။ စျာပနာအစီအစဉ်ကို အတိုချုံးလုပ်ပြီး သူတို့တို့ လမ်းဘေး တွင်သာ မြုပ်နှံလိုက်သည်။ ထို့နောက် ခရီးဆက်ကြသည်။ ဆန်းမင်းသည် အခြား သူများ နှင့် အတူရှိနေသော်လည်း အထီးကျန်နေသည်။ သူ၏မိသားစုများ အတွက် စိုးရိမ်နေ သည်။ သူတို့ အားလုံးများ အသတ်ခံ ရကြပြီလားဟု သံသယ ဝင်မိနေသည်။

ဖျားနာပြီး သေမည်ကိုလည်း ဆန်းမင်း စိုးရိမ် နေသည်။ သူသည် အဖွဲ့နှင့် အတူရှိနေ သော်လည်း သူ့ကိုမည်သူမျှ ဂရုမစိုက်ကြပဲ အပစ်ပယ်ခံနေသူ တစ်ဦး ဖြစ်ကြောင်း စဉ်းစား နေမိသည်။သူသည် မိဘမဲ့တစ်ဦးကဲ့သို့ ခံစားရသည်။ သူသည် မောပန်းပြီး ပိန်ချုံးလာသည်။ သူထက် အသက်ကြီးသော ကလေး တစ်ယောက်က ဆန်းမင်းကို ကျွန်တစ်ဦးကဲ့သို့ ဆက်ဆံပြန်သည်။ တစ်စုံတစ်ခု အား သယ်ခိုင်းသည့်အခါ (သို့) လုပ်ခိုင်းသည့် အရာကို မလုပ်သည့်အခါတိုင်း

သူ့ကိုထိုးနှက်သည်။ ဤသို့ အနိုင်ကျင့် ခံရသောကြောင့် ဆန်းမင်း ၏ စိတ်ထဲတွင် အလွန် ဒေါသဖြစ်မိသည်။

ရက်တ္တပတ် သုံးပတ်ခန့် ခရီးနှင် လာပြီး နောက်တွင် အဖွဲ့သည် နယ်စပ်ကို ဖြတ်ကျော်ပြီး ဆာနာဒူဟု ခေါ်ဆို သည့် နိုင်ငံသို့ ရောက်လာကြသည်။ ယခု သူတို့လုံခြုံသွားပြီ ဖြစ်သော် လည်း နေထိုင်ရန် နေရာ လိုအပ် နေ သေးသည်။ ရက် အနည်းငယ် ကြာ ပြီး နောက် သူတို့ကို မြို့ကြီးတစ်မြို့သို့ ရောက် သွားကြပြီး ရဲသားများက သူတို့ကို ဒုက္ခသည်စခန်း တစ်ခုသို့ ပို့လိုက်ကြသည်။ သူတို့ အားလုံးသည် သူတို့၏ ကိုယ်ရေးအချက် အလက် များ ကောက်ခံသော အမျိုးသမီး တစ် ဦးရှိရာ ဧည့်ကြို လက်ခံဌာနသို့ ပို့ ဆောင်ခံရပြန်သည်။ ဆန်းမင်းသည် သူ၏ အကြောင်းကို ပြောပြသောအခါ သူသည် မိဘ မရှိသော ကလေးတစ်ဦး အဖြစ် ထို အမျိုးသမီး နားလည် လိုက်သောကြောင့် သူ့ကို ချက်ချင်းပင် မိဘမဲ့ ဂေဟာ တစ်ခုသို့ ပို့ရန် စီစဉ်လိုက်သည်။

ဆန်းမင်းသည်မိဘမဲ့ဂေဟာသို့ ကုန်တင်ကားဖြင့် ပို့ဆောင်ခံရသောကြောင့် စိတ် မသက်မသာဖြစ်ရသည်။ သူနှင့် အတူခရီးဆက်ခဲ့ကြသည် အဖွဲ့ဝင် များ သည် သူ့အား ကောင်းစွာ ဂရုမစိုက်ပေးခဲ့သည်တိုင်အောင် သူတို့သည် ဆန်းမင်း နှင့် တူညီသော ဘာသာ စကား ပြောကြပြီး၊ တူညီသော အရပ်ဒေသမှ ဖြစ်ကြ၍ စိတ်သက်သာစရာ ရှိခဲ့ပါသည်။ *ငါ အခု ဘယ်နေရာကို ရောက်သွားမလဲ မသိဘူး* လို့ ဆန်းမင်း စဉ်းစားနေမိသည်။ သူသည် ကြောက်ရွံ့ထိတ်လန့်ကာ အထီးကျန်မှု တို့ ခံစားရသည်။

---

## ကျွန်ုပ်ဘဝ၏ အရေးကြီးသော အမှတ်တရများ



# အီဂျစ်ပြည်ရောက် ယောသပ်

## ကမ္ဘာဦးကျမ်း ၃၉

ပြီးခဲ့သည့် သင်ခန်းစာ၌ ယောသပ်သည် သူ၏အစ်ကိုများ၏ ကျွန်အဖြစ် ရောင်း စားခြင်း ကိုခံခဲ့ရပြီး အီဂျစ်ပြည်သို့ အဓမ္မခေါ်ဆောင်ခြင်း ခံခဲ့ရကြောင်းကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ် သည်။ ယောသပ်သည် သူ့မိသားစု၏ စွန့်ပစ်ခြင်းကို ခံခဲ့ရ သော်လည်း ဘုရားသခင်သည် သူနှင့်အမြဲအတူရှိသောကြောင့် သူသည် လုံးဝ ပြောင်းလဲ၊အောင်မြင်ခဲ့သည်။ အီဂျစ် ခေါင်း ဆောင် ပေါတိဖာက ယောသပ်အား သူပိုင်ဆိုင်သည့်အရာ မှန်သမျှကို ကွပ်ကဲ စေခဲ့သည်။

ယောသပ်သည်ချောမောခန့်ညားသောသူဖြစ်၍ ပေါတိဖာ၏ ဇနီးက သူနှင့် အတူ အိပ်ရန် ဆွဲဆောင်ခဲ့လေသည်။ သို့သော် ယောသပ်သည် ငြင်းဆို ခဲ့သည်။ ယောသပ်က သူ၏ သခင် ပေါတိဖာသည် သူ့အားယုံကြည်၍ အရာအားလုံး အတွက် တာဝန်ပေးအပ် ထား သောကြောင့် ဤကဲ့သို့ မလုပ်ဆောင်သင့်ကြောင်း ပြောပြခဲ့သည်။ ယောသပ်က တဖန် ဘုရားသခင်၏ အလိုကိုဆန့်ကျင်၍ အပြစ် မပြုနိုင်ကြောင်းပြောပြခဲ့သည်။ ပေါတိဖာ၏ ဇနီးအား အချိန်တိုင်း ငြင်းဆိုခဲ့ လေသည်။

ဤသို့နှင့် အိမ်၌ တစ်စုံတစ်ဦးမျှ မရှိသော တစ်နေ့တွင် သူမသည် ယောသပ် ၏ ဝတ်လုံအား လှမ်းဆွဲ ၍ ဖမ်းဆုပ်ကာ ငါနှင့်အတူ အိပ်ရ အောင်ဟု တောင်းဆို ခဲ့သည်။ ယောသပ်သည် သူ၏ဝတ်စုံအား သူမ၏ လက်ထဲ၌ ချန်ထားခဲ့၍ အပြင် သို့ ထွက် ပြေးခဲ့ သည်။ ထို့ နောက် ပေါတိဖာ၏ ဇနီးသည် ယောသပ်က သူ့အား အဓမ္မ ပြုကျင့် ရန် ကြိုးစားခဲ့ ကြောင်း စွပ်စွဲ ပြော ဆိုခဲ့ သည်။ သူမ အော်လိုက် သော ကြောင့်သာ ယောသပ်သည် သူ့ ဝတ်လုံကို ကျန်ထားခဲ့ပြီး အပြင်သို့ ထွက် သွားခဲ့ကြောင်း ပြောပြခဲ့သည်။ ပေါတိဖာသည် ဇနီးဖြစ်သူ ပြောပြသည့် အကြောင်း အရာကို ကြားသိရသောအခါ အလွန်စိတ်ဆိုးကာ ယောသပ်အား ထောင်ချ လိုက်လေသည်။

ယောသပ်ခမျာမှာ သူ့မိသားစု၏ ငြင်းပယ်ခြင်းကိုခံခဲ့ရပြီး အဝေးသို့ ပို့ခံခဲ့ ရသူ ဖြစ်သည်။ ယခုတဖန် သူတန်ဖိုးထားသောသူများက သူ့ကို မတရားစွပ်စွဲ ပြောဆိုပြီး သူ့အား ငြင်းပယ်ကာ ထောင်ချလိုက်သည်။ သို့သော် ဘုရားသခင် သည် သူနှင့် အတူရှိပြီး ယော သပ်ကို ဂရုစိုက်ပေးသည်။ ထောင်မှူးက ယောသပ် သည် လူကောင်းတစ်ဦး ဖြစ် ကြောင်း သိရှိသွားပြီး၊ ထောင်သားများအား ကွပ်ကဲသူနှင့် အကျဉ်းထောင်အတွင်း တာဝန်ခံအဖြစ် ခန့်အပ်ခဲ့လေသည်။ ဘုရားသခင်သည် ယောသပ်နှင့်အတူရှိသောကြောင့် ထောင်မှူးသည် ယောသပ် အား ယုံကြည်ကာ သူ့တာဝန်များကို လွှဲနိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ယောသပ်အား လုပ်ဆောင်လေရာတိုင်း၌ အောင်မြင်ခြင်း အခွင့် ပေးခဲ့ပါသည်။

## အလွတ်ကျက်မှတ်ရန် ကျမ်းချက်

| |
|---|
| ဟေဗြဲဩဝါဒစာ ၁၃:၅(ခ)။ *အဘယ်ကြောင့် ဆိုသော်ဘုရားသခင်က ငါသည် သင့်ကို အဘယ် အခါ၌မျှ မစွန့်၊ အဘယ်အခါ၌မျှ ပစ်၍ မထားဟု မိန့်တော်မူသော ကြောင့်ဖြစ်၏။* |
| |



# သင်ခန်းစာ ၅။ ကျွန်ပ်တို့၏ ဘဝများအား ကောင်းစွာတည်ဆောက်ခြင်း

## မိသားစု မရှိခြင်း

ဆန်းမင်းသည် အခြားသောကောင်လေးသုံးယောက်တို့နှင့်အတူ မိဘမဲ့ ဂေဟာဆီသို့ ပို့ဆောင် ပေးသည့် ကုန်တင်ကားပေါ်တွင် ရှိနေခဲ့သည်။ ကြောက်ရွံ့နေသည့် အသက်(၈)နှစ်အရွယ် ရီကီက *မိဘမဲ့ဂေဟာက ဘယ်လိုပုံဖြစ်မယ်လို့ မင်းထင်သလဲ* ဟု တိုးတိုးတိတ်တိတ် မေးလေသည်။ အဖွဲ့ထဲမှ အကြီးဆုံးကောင်လေးက *အလုပ်ကြမ်းတွေ လုပ်ရတဲ့ နေရာ၊ စားစရာ မရှိ၊ အုတ်နံရံ အမြင့်ကြီးတွေနဲ့ ထောင်လို နေရာမျိုးဖြစ်မယ်လို့ ထင်တာပဲ။ ဟိုရောက်မှ မင်းတွေ့ ရမှာပါ* ဟု တုန့်ပြန်လိုက်လေသည်။ မိဘမဲ့ ဂေဟာ၏ အဝင် ပေါက်ဝသို့ ရောက်လာသောအခါ၊ ကလေးငယ်များသည် ဆာလောင်ပြီး အေးချမ်း နေကြသောကြောင့် ကြောက်ဒူး တုန်နေခဲ့ကြသည်။ ကုန်တင်ကားသည် မိဘမဲ့ဂေဟာ ဝင်း အတွင်းသို့ ဝင်ရောက်လာကြသောအခါတွင်မူ လှပသော အိမ်များကို သူတို့ တွေ့လိုက်ကြရသည်။ ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် ပန်းခင်းများက အိမ်များကို ဝန်းရံထားကြသည်။ မနီးမဝေးမှာတော့ ကစားကွင်း တစ်ခု ရှိနေသည်ကို သူတို့ တွေ့မြင်နေရသည်။

ကုန်တင်ကားပေါ်မှ ဆင်းလာကြသောအခါ မိဘမဲ့ဂေဟာ ညွှန်ကြားရေးမှူးက ကလေး များကို လာရောက် ကြိုဆိုသည်။ သူတို့ကို ရုံးတစ်ခုသို့ ခေါ်သွားပြီး မေးခွန်းအချို့အားဖြေခိုင်းသည်။ သူတို့နှင့် ပတ်သက်သော တင်းအချက်အလက်များကိုသေသေချာချာမှတ်တမ်းပြုစုသည်။ ညွှန်ကြားရေးမှူးက ဆန်းမင်အား မေးခွန်းများ မေးပြီးနောက်တွင် သူက *ကောင်းပြီ၊ ကြည့်ရတာ မင်းအခု လိုအပ်*


*တာက ရေကောင်းကောင်းချိုးဖို့ရယ်။ အဝတ်အစား အချို့နှင့် အစား ကောင်းကောင်း တစ်နပ်ပဲကွ။ မနက်ဖြန် ဆရာဝန် တစ်ယောက် ရောက် လာပြီး မင်းရဲ့ ခြေထောက်ပေါ်က အနာတွေကို ကုပေးလိမ့်မယ်* ဟုပြောလေသည်။

ထို့နောက် ဆန်းမင်းကို ဝင်းအတွင်းရှိ အိမ်တစ်အိမ်သို့ခေါ်သွားပြီး၊ ထိုအိမ်ကို အုပ် ထိန်းနေသည့် အမျိုးသမီးနှင့် မိတ်ဆက် ပေးသည်။ အမျိုးသမီးကြီးက *သားရဲ့ အိမ် အသစ်ကနေ ကြိုဆိုပါတယ်ကွယ်၊ ရေချိုး ပြီး၊ အင်္ကျီအဝတ်အစား အရင် လဲလိုက်ပါ အုံး။ ပြီးတာနဲ့ ညစာ စားဖို့အချိန်ပဲ၊ အဲဒီအခါ ကြမှာ ဒီအိမ်မှာနေကြတဲ့ အခြား ကလေးတွေ နဲ့ပေးတွေ့မယ်* လို့ ပြောပြသည်။ ဆန်းမင်း သည် အဝတ်ကောင်းများ ဝတ်ဆင် ထား ပြီး၊ သပ်သပ်ရပ်ရပ်၊ ပေါ့ပေါ့ပါးပါး အနေအထားဖြင့် တစ်လ အတွင်း ပထမ ဦးဆုံး အကြိမ် စားကောင်း သောက်ဖွယ်များကို စားရန် ထိုင်လိုက် လေသည်။ ယခု အခြေ အနေအား မယုံကြည်နိုင် လောက်အောင် ပင် ဖြစ်ရ လေ တော့သည်။

ဆန်းမင်းသည် လျင်မြန်စွာပင် မိဘမဲ့ဂေဟာ၌ နေသားကျသွားပြီး အခြား ကလေးများ နှင့် အတူရှိနေရခြင်းကို ပျော်ရွှင်ကျေနပ် နေလေတော့သည်။ နေ့တိုင်း သူတို့သည် အတူတကွ စာသင်ကျောင်းသို့ သွားကြသည်။ ဆန်းမင်း သည် ကျောင်းပြန်တက်ရ သောကြောင့် ပျော်ရွှင်နေ သည်။ သို့သော် ကျောင်းရှိ ကျောင်းသား တစ်ချို့က မိဘမဲ့ဂေဟာမှ ကလေးများကို မကြင်နာကြပေ။ သူတို့က မိဘမဲ့ကလေးများအား *မင်းတို့ မိဘ တွေက မင်း တို့ကို မချစ်လို့ စွန့်ပစ်သွား ကြတာ*လေ ဟု နောက်ပြောင် ပြောဆိုကြသည်။ တစ်ချို့ ညများတွင် ဆန်းမင်း သည် အိမ်မက်ဆိုးများ မက်ပြီး မိဘများကို သတိရ၍ ငိုကြွေးရသည်။

# နံရံတည်ဆောက်ခြင်း

သင့်ဘဝ တည်ဆောက်ရန်အတွက် လိုအပ်သော ကောင်းသည့် အရာများနှင့် သင် မလိုအပ်သော ဆိုးသည့် အရာများကို ရေးသားပါ။




# ယောသပ် အား တဖန် မေ့လျော့သွားခြင်း

## ကမ္ဘာဦးကျမ်း ၄၀

ပြီးခဲ့သည့်ကျွန်ုပ်တို့၏ သင်ခန်းစာ၌ ယောသပ်သည် မည်သည့်အပြစ်ကိုမျှ မကျူး လွန်ခဲ့သော်လည်း ထောင်ချခံခဲ့ရသည်။ ယောသပ်အတွက် အခြေ အနေများ အဆင်ပြေကောင်း မွန်လာသည့်အခါတိုင်း မကောင်းသော အရာ တစ်ခုခု ကြုံတွေ့ရသည်ကို တွေ့ရ သည်။

ယောသပ်ထောင်ကျပြီး နောက်တွင် ရှင်ဘုရင်၏ ဖလားတော်ဝန် (သောက် စရာများ ပြင်ဆင်ပေးသူ) နှင့် စားတော်ဝန် (အစားအစာများ ချက်ပြုတ်ပေးသူ)

တို့သည် ဘုရင်အား ဆန့်ကျင်ခဲ့ကြသည်။ ထို့ကြောင့် သူတို့လည်း ယောသပ်ရှိရာ ထောင်ထဲသို့ ရောက် ရှိခဲ့ကြ ရသည်။ ယောသပ်သည် သူတို့အား ဂရုစိုက်ရန် တာဝန် ပေးခံခဲ့ရသည်။ တစ်ညသော အခါတွင် ထိုနှစ်ဦးစလုံးသည် အိပ်မက် တစ်ခုစီ မြင်မက်ခဲ့ကြသည်။

နောက်တစ်နေ့ နံနက်တွင် သူတို့နှစ်ဦးစလုံး စိတ်မကောင်း ဖြစ်နေကြသည်ကို ယောသပ်တွေ့ရှိခဲ့သည်။ ယောသပ်က သူတို့နှစ်ဦးအား *ဘာကြောင့် ဒီနေ့ ဝမ်းနည်း ညှိုးငယ် နေကြတာလဲ* ဟုမေးလေသည်။ သူတို့နှစ်ဦးက ယောသပ်အား ညက ကိုယ်စီ အိပ်မက်မက်ခဲ့ကြကြောင်း၊ သို့သော်လည်း ထိုအိပ်မက်များ၏ အဓိပ္ပါယ် ကို မည်သူကမှ မပြောပြနိုင်ကြကြောင်း ပြောပြကြသည်။ ယောသပ်က အိပ်မက် များအား အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် ဉာဏ်ပညာပေးသူမှာ ဘုရားသခင်ဖြစ်ကြောင်း နှင့် အိပ်မက်များအား သူ့ကို ပြောပြရန် ပြောလေသည်။



ဖလားတော်ဝန်က ယောသပ်အား မိမိသည် စပျစ်နွယ်ပင် တစ်ပင်မှ အသီးသီးသောအကိုင်းသုံးခက်အား မြင်မက်ခဲ့ကြောင်းပြောပြသည်။ သူသည် ရှင်ဘုရင်၏ ဖလားတော် ခွက်ထဲသို့ အသီးများအား ညှစ်ကာ ဆက်သ ကြောင်း ပြောပြသည်။

ယောသပ်က ဖလားတော်ဝန်အား ရှင်ဘုရင်သည် စပျစ်ကိုင်း သုံးခက် ကဲ့သို့ ပင် သုံး ရက်မြောက်နေ့တွင် သင့်အား နဂိုရာထူးအား ပြန်လည် ပေးလိမ့်မည် ဖြစ်ကြောင်း ပြောပြသည်။ ထို့နောက်ယောသပ်က ဖလားတော် ဝန်အား *သင်သည် ချမ်းသာရသောအခါ ကျွန်ုပ်ကို သတိရ၍ ကျေးဇူးပြုပေးပါ။ ကျွန်ုပ် အကြောင်းကို ဘုရင်ကြီးဆီမှာ ပြောပြ ပေးပြီး အကျဉ်း ထောင်မှ လွတ်မြောက်နိုင်ရန် ကူညီပေး ပါ။ ကျွန်ုပ်သည်ဟေဗြဲပြည်မှ ဖမ်းဆီး ခြင်း ခံခဲ့ရပါ သည်။ ဤပြည်မှာလည်း အပြစ် မရှိဘဲ ထောင်ထဲတွင် မတရား ချုပ်နှောင်ခံ နေရပါသည်* ဟု ပြောပြသည်။

ယောသပ်သည် ဖလားတော်ဝန်၏ အိပ်မက်အား ကောင်းစွာအနက်ဖွင့် ပေးကြောင်းကို စားတော်ဝန် တွေ့မြင်သောအခါ သူ၏အိပ်မက်အားလည်း အနက်ဖွင့်ပေးရန် တောင်းဆိုလေ သည်။ စား တော်ဝန်က ယောသပ် ကို ပြောပြသည်မှာ- သူ၏ အိပ်မက်တွင် မိမိသည် မုန့်တောင်းသုံးခုအား ဦးခေါင်းထက်တွင် ရွက်နေခဲ့သည်။ ငှက်အချို့တို့က အပေါ်ဆုံး တောင်းထဲမှ မုန့်များကို စားကြသည်ကို မြင်မက်ခဲ့ကြောင်း ပြောပြလေသည်။ ယောသပ်က စားတော်ဝန်အား တောင်းသုံးလုံးသည် ရက်ပေါင်း သုံးရက်ကို ဆိုလိုသည်။ ဤ သုံးရက်အတွင်း ရှင်ဘုရင်က သူ့အား ကွပ်မျက်လိမ့်မည် ဖြစ်ကြောင်းပြောပြလေ သည်။

ထိုသို့ ပြောကြားပြီးနောက် သုံးရက်မြောက်နေ့သည် ရှင်ဘုရင်၏ မွေးနေ့တော်ဖြစ်သည်။ ရှင်ဘုရင်သည် သူ၏ ဝန်ထမ်းများအတွက် စားပွဲ ၊သောက်ပွဲ တစ်ခု ပြုလုပ် ပေးလေ သည်။ထိုပွဲတော်သို့ စားတော်ဝန်နှင့် ဖလားတော်ဝန်အား ဝန်ထမ်းများ၏ ရှေ့သို့ ခေါ်သွင်း လေသည်။ ထို့နောက် ယောသပ် နိမိတ်ဖတ်ခဲ့သလို ရှင်ဘုရင်က ဖလားတော်ဝန်အား သူ၏ နဂိုအလုပ်အား ပြန်ပေးလိုက်ပြီး၊ စားတော်ဝန်ကိုမူ ကွပ်မျက်လိုက်သည်။ ယောသပ်သည် ဖလားတော်ဝန်အား အကူအညီပေးခဲ့သော်လည်း သူသည် ယောသပ်အား မေ့လျော့သွား ခဲ့ပြီး ရှင်ဘုရင် အား ယောသပ်အကြောင်းကို မပြောပြခဲ့ပေ။

**ကလေးများအား စားတော်ဝန်၏ အိပ်မက်ကို ပန်းချီ ရေးဆွဲစေပါ။**

## အလွတ်ကျက်မှတ်ရန်ကျမ်းချက်

| |
|---|
| ယေရမိ ၂၉း၁၁။ *သင်တို့အတွက်ငါပြုလုပ်ထားသည့်အကြံ အစည်များကို ငါသာလျှင် သိ၏။ ထိုအကြံ အစည်တို့သည် သင်တို့ ကောင်းစား မှု၊ သင်တို့ စောင့်မျှော်နေသည့် အနာဂတ်ကို ထုတ်ဖော်ပေး မှုနှင့်ဆိုင်သောအကြံ အစည်များဖြစ်ပေသည်။ သင်တို့အား ဘေးအန္တရာယ် ရောက်စေမည့် အကြံအစည်များ မဟုတ်။* |
| |



# သင်ခန်းစာ ၆။ ဆုံးရှုံးခြင်းနှင့် ပူဆွေးဝမ်းနည်းခြင်း

## တောနက်ကြီးထဲမှ ဘဝ

တောနက်ကြီးထဲတွင် ဆန်းမင်းတို့မိသားစုသည် ပုံမှန်အတိုင်းပင် စခန်းချပြီး ဖြစ်သည်။ သူတို့သည် မြက်ပင်နှင့် သစ်ကိုင်းအစအန လေးများဖြင့် ယာယီ တည်းခိုစရာ တဲအိမ် များ ကို တည်ဆောက်ကြသည်။ အဖွဲ့ထဲမှ လူကြီးတစ်ဦးက ခင်းအိပ်ရန် ဖျာယက် လုပ်တတ် သည်။ သူက အခြားသူများကို ဖျာယက်နည်း သင်ပေးသည်။ သူတို့၏ အိပ်ယာများ သက်တောင့်သက်သာရှိစေရန် ဖျာအောက် တွင် သစ်ရွက်များနှင့် မြက်များ စုထည့် ရခြင်း ကို သင်ယူခဲ့ ကြသည်။ ကံအား လျော်စွာ သီးနှံများ ရိတ်သိမ်းသည့် ရာသီချိန်လည်း ဖြစ် နေ၍ အဖွဲ့ထဲမှ တစ်ချို့ သည် ရန်သူသူပုန်များမတွေ့နိုင်မည့် ညအချိန်တွင်သီးနှံများကို သွားခူးကြသည်။

သူတို့စခန်းချရာ အနီးတွင် စမ်းချောင်းလေးတစ်ချောင်းရှိသောကြောင့် ကြည် လင်သန့်ရှင်းသော သောက်ရေကို ထိုရေချောင်းမှ သောက်သုံးကြသည်။ အယောက်တိုင်း ငါး ဖမ်း သင်ယူခဲ့ကြပြီး၊ ငါးကလေးကို ဖမ်းရသည့်အတွက် သူတို့ ပျော်ရွှင် နေကြသည်။ ကလေးငယ်များ ငါး ကလေးများကို ဖမ်းကြစဉ်တွင် လူ ကြီးများက ငါးကြီးများ ထောင် ဖမ်း ရန်ကြိုးစား ကြသည်။ နှင်းဆီသည် အသတ်ခံခဲ့ရသော သူမ၏ ဦးကြီး၊ ပျောက်ဆုံးနေသော သူ့အစ်ကိုနှင့် သူငယ်ချင်း တို့၏ အကြောင်းကို ဆက်လျက် စဉ်းစား နေမိ သေးသော် လည်း ယခုတွင်မူ သူမ ၏ သူငယ်ချင်း များနှင့် စတင် ကစား နေနိုင်ပြီ ဖြစ်သည်။

နံနက်တိုင်း သူတို့သည် ကျမ်းစာ ဖတ်ခြင်း၊ ဆုတောင်း ခြင်းတို့ဖြင့် နေ့သစ်ကို အစပြုကြသည်။ အစ ပထမတွင် အချို့သော သူများသည် ပါဝင်ရန် ငြင်းဆိုခဲ့ကြ

သည်။ ထိုသို့ ငြင်းဆိုကြသူများက ဘုရားသခင်သည် သူတို့အား စွန့်ပစ်ထားခဲ့ပြီး ဖြစ်သောကြောင့် ဆုတောင် မတောင်းနိုင်ဟု ဆိုကြသည်။ လူများသည် အစား အသောက်များ ဖူလုံမှု ရှိကြပြီး၊ အချိန်ကြာလာသည်နှင့်အမျှ ထိုအရပ်တွင် နေသား ကျလာခဲ့ကြသည်။

သို့ရာတွင် တကယ့်ဒုက္ခကြီးတစ်ခုရှိနေပါသည်။ သူတို့၌ ဆေးဝါးမရှိပါ။ ထိုဆေးဝါး များရရှိနိုင်ရန်လည်း လမ်းစ မရှိပါ။ သို့သော် အချို့ရောဂါများကို ပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင် အပင်များ အကြောင်းကို နားလည်သော အဘိုးအို တစ်ဦးရှိသည်။ တစ်စုံတစ်ဦး ဖျားနာသည့်အခါတိုင်း ကျန်းမာ သက်သာ လာစေရန် တစ်ဖွဲ့လုံးက ဘုရားသခင်ထံ စိတ်နှလုံး အပ်နှံ ဆုတောင်း ကြသည်။ နှင်းဆီသည် အိပ်မက်ဆိုးများ စတင် မက်လာ ခဲ့သည်။ သူမသည် သူမ၏ သူငယ် ချင်း ဂျာနာ ကဲ့သို့ သေရမည်ဟု အိပ်မက်မက်သည်။


တစ်လခန့်အကြာတွင် နှင်းဆီ၏ ဖခင် ဦးလမ်ဘိုက ရွာပြန်ရန် လုံခြုံမှုရှိ၊ မရှိ သိရှိလို သည်။ ထို့ကြောင့် လူငယ်နှစ်ဦးအား အခြေအနေကို စုံစမ်းရန် ရွာသို့ စေလွှတ်လိုက် သည်။ သူတို့ထွက်သွားပြီးနောက် ဦးလမ်ဘို၏ ဇနီး ဒေါ်ဂျူဒီမှာ ဖျားတက်လေသည်။ သူမ သည် နှစ်ရက်ခန့် အဖျားကြီးပြီးနောက် သေဆုံးသွား ခဲ့သည်။ သူမသည် အသက်ထွက် သွားသည့် အခိုက်အတန့်မှာပင် ထိုလူငယ် နှစ်ဦး ပြန်ရောက်လာကာ ကုလသမဂ္ဂ အစီအစဉ်ဖြင့် ယာယီ ဒုက္ခသည်စခန်းများ တည်ဆောက်ပြီးဖြစ်ကြောင်းနှင့် သူတို့ အား လုံး တောထဲမှ ယခုပင် ထိုစခန်းများ တွင် ပြောင်းရွှေ့ နေထိုင်နိုင်ပြီ ဖြစ်ကြောင်း ပြောပြ သည်။ ဦးလမ်ဘို မှာ ဒေါသ နှင့် ဝမ်းနည်းခြင်းတို့ဖြင့် အလွန်အမင်း စိတ် ထိခိုက် နေသည်။ သူက *အကယ်၍ ဒီလူတွေကို စောစော သွားလေ့လာခိုင်းခဲ့ရင် ငါတို့ ထိုစခန်းများမှာ နေစရာ ရပြီးလောက်ပြီ။ ဒီ လိုဆိုရင် ဇနီးသည်အတွက် ဆေးဝါးတွေလည်း ရှာနိုင်ခဲ့မှာပဲ။ ဘုရားသခင် ဘာကြောင့် ဒီလိုမျိုး ကြုံတွေ့စေရတာလဲ* ဟု အကြိမ်ကြိမ် ပြောနေ သည်။

နှင်းဆီသည်လည်း မည်သူကမျှ ချော့သိမ့်၍ မရအောင် ဆောက်တည်ရာမရ ငိုကြွေး နေသည်။ နှင်းဆီ၏ အစ်ကို ဖြစ်သူက လုံးဝ မျက်ရည်မကျပဲ *အမေ မသေသေး ပါ ဘူး။ သူမ မကြာခင် နိုးလာမှာပါ* ဟု ပြောသည်။ ဦးလမ်ဘိုနှင့် သားသမီးများက မိခင် ဂျူးဒစ် အား တောထဲ တွင် မြေမြှုပ် သင်္ဂြိုဟ်ပြီး နောက်

တွင် ရှာတွေ့နိုင်စေရန် အမှတ်အသား ပြုလုပ် ကြသည်။ ထို့နောက် ဒုက္ခသည် စခန်းဆီသို့ သွားရောက်ကြလေသည်။

## ကျွန်တော် ဆုံးရှုံးခဲ့ရသည့် အရာများ

*ဤပုံသည် ဝမ်းနည်း ပူဆွေးခြင်း ခရီးစဉ်ကို ပုံဖော်ပြသသော ရုပ်ပုံဖြစ်ပါသည်။ သင့်ဘဝတွင် သင် ချစ်ခြင် မြတ်နိုးသော သူတစ်ဦးဦး သေဆုံးသွားခဲ့ပါက ထိုအတွက် ပူဆွေး ဝမ်းနည်းရမည်ဖြစ်သည်။ သင်သည် လက်ရှိ မည်သည့် ကျေးရွာတွင် ရောက်နေသည်ကို မှတ်သားပါ။ ထိုနောက် ၎င်းအခြေအနေမှ လာမည့် တစ်နှစ်တွင် မည်သည့်နေရာတွင် ရောက်လိုကြောင်းလည်း မှတ်သား ပါ။*



# ထောင်ထဲရှိ ယောသပ်

## ကမ္ဘာဦးကျမ်း ၄၀-၄၁

ပြီးခဲ့သည့်သင်ခန်းစာတွင် ယောသပ်သည် ထောင်ထဲ၌ရှိနေခဲ့သည်။ ယောသပ်က အိပ်မက် အနက်ဖွင့်ပေးခဲ့သော ဖလားတော်ဝန်သည် သူ့အား မေ့ထားခဲ့သည်။ အချိန်များ ကုန်လွန်ပြီးနောက် သူ့အတွက် ဘဝသည် မည်မျှ ခက်ခဲကြောင်းကို အကြိမ်ကြိမ် ယောသပ်သည် စဉ်းစားမိခဲ့မည် ဖြစ် သည်။

အခြေအနေကောင်းများ ကြုံတွေ့ခဲ့ရ သောအချိန်များတွင် ယောသပ်၌ မျှော်လင့်



ချက်များ ထားရှိခဲ့မည် ဖြစ်သည်။ တစ်ခု ကို ထုတ်ဖော်ပြောပြရမည် ဆိုလျှင် ဘုရား သခင်က သူ့အား အိပ်မက်၏ အနက်အဓိပ္ပါယ်ကို ဖော်ပြ၍ ဖလား တော်ဝန် လွတ်မြောက် သွားခဲ့သောအချိန်ပင် ဖြစ် သည်။ ဖလားတော်ဝန်သည် ယောသပ် အား သတိယသင့်သော်လည်း သူ့ကို မေ့ထားခဲ့သည်။ ယခုမူမှာ

ယောသပ်ခများမှာ ထိုအဖြစ်ပျက်များကို စဉ်းစားလျှက်ထောင်ထဲ၌အထီး ကျန်စွာ ပိတ်လှောင်ခြင်း ကိုခံထားရလေသည်။ ယောသပ်က အကယ်၍ ငါ့အစ်ကိုများက ငါ့ကို မမုန်းခဲ့ဘူး ဆိုရင်၊ ပေါတိဖာ၏ ဇနီးကသာ လိမ်မပြောခဲ့ဘူး ဆိုရင်၊ ဖလားတော်ဝန်က ငါ့ကို သတိရခဲ့မယ်ဆိုရင် စသည်ဖြင့်တွေးမိသည်။ နှစ်ပေါင်း (၁၃)နှစ်တိုင် ထိုသို့ စဉ်းစားခြင်းသည် အင်မတန် ကြာရှည်လွန်းသော အချိန်တစ်ခုပင် ဖြစ်ပေသည်။

ယောသပ်၏ဘဝအပြောင်းအလဲ မဖြစ်မှီ (၂)နှစ် မတိုင်မီက အီဂျစ်ဘုရင်သည် အိမ် မက် နှစ်ခုကို မြင်မက်ခဲ့သည်။ ထိုအိမ်မက်များကြောင့် ဘုရင်ကြီးသည် လွန်စွာ စိတ်ဒုက္ခ ရောက်ရသည်။ ထိုအိပ်မက်နှစ်ခုစလုံးတွင် ရှင်ဘုရင်သည် နိုင်းမြစ်ကမ်း နံဘေးတွင် ရပ်နေ တော်မူခဲ့သည်။ ပထမအိပ်မက်တွင် ပိန်လှီ၍ ရုပ်ဆိုးသော နွား (၇)ကောင်က ဆူဖြိုး သော နွား (၇)ကောင်ကို ဝါးမျိုလိုက်သည်။ ဒုတိယ အိပ်မက်တွင် အလုံးသေးသော စပါးနှံ (၇)ခုက အလုံးကြီး၍ ကောင်းသော စပါးနှံ (၇)ခုကို ဝါးမျိုလိုက်သည်။ ထို့နောက် ဘုရင် ကြီးသည် အိပ်ရာမှ နိုးလေသည်။ ရှင်ဘုရင်သည် စိုးရိမ်ကြောင့်ကြတော်မူ၍ သူ၏ မှော်ဆရာ များနှင့် ပညာရှိတို့အား ဆင့်ခေါ်လိုက်ပြီး အိပ်မက်အနက်အား ပြောပြခိုင်းရာ မည်သူမျှ အိပ်မက်အနက်ကို မရှင်းပြပေးနိုင်ကြပါ။

နောက်ဆုံးတွင် ဖလားတော်ဝန်က ယောသပ်အား သတိယသွားလေသည်။ သူက ရှင်ဘုရင်အား ထောင်ထဲ၌ ယောသပ်ဆိုသူသည် အိပ်မက်နှစ်ခုအား မှန်ကန်စွာ အနက်ဖွင့် ပေးနိုင်ခဲ့ကြောင်း လျှောက်တင်လေသည်။ ထို့ကြောင့် ရှင်ဘုရင်က ယောသပ်အားရှေ့ တော်မှောက် ခစားစေသည်။ ရှင်ဘုရင်က ယောသပ်အား သူ၏ အိပ်မက်များ၏ အနက်အဓိပ္ပါယ်ကို ရှင်းပြပေးနိုင်ပါက ရှင်းပြပေးရန် တောင်းဆိုသည်။ ထိုအခါ ယောသပ်က *မှန်လှပါအရှင်မင်းကြီး မိမိသည် မတတ်နိုင်ပါ။ သို့သော်လည်း ဘုရားသခင်သည် တတ်နိုင် သည်* ဟု ပြန်ပြောလေသည်။ ရှင်ဘုရင်က မြင်မက်ခဲ့သော အိပ်မက်များအား ပြောပြပြီး နောက်တွင် ယောသပ်က *အီဂျစ်ပြည်တွင် (၇) နှစ် ဆန်ရေစပါး ပေါကြွယ်ဝလိမ့်မည်။ ထို့ နောက်တွင် မိုးခေါင်၍ အစာခေါင်းပါးသော (၇) နှစ် ရောက်လာလိမ့်မည်*ဟု လျှောက်တင်လေသည်။ ယောသပ်က ရှင်ဘုရင်အား *အစာခေါင်းပါးသော ကပ်ဘေး (၇)နှစ်တွင် တိုင်းသူ ပြည် သားများအား ကျွေးမွေး*

*နိုင်ရန် အစာရေစာပေါကြွယ်ဝသော (၇)နှစ် အတွင်း အစာရေစာများ သိုလှောင် သိမ်းဆည်းထားသင့်သည်* ဟု လျှောက်တင်လေသည်။

ရှင်ဘုရင်သည် ယောသပ်အား အလွန် အားရသဘောတော်ကျမှု၍ တိုင်းသူ ပြည်သားများနှင့် နန်းတော်အား အုပ်ချုပ်စေလေသည်။ ယောသပ်၏ အထက် တွင် ရှင်ဘုရင်တစ်ပါးတည်းသာရှိသည်။ ရှင်ဘုရင်သည် ယောသပ်အား အမျိုး သမီးတစ်ဦးနှင့် စုံဖက်စေ၍ သူတို့သည် အစာခေါင်းပါးခြင်းကပ်ဘေး မဆိုက် ရောက်မီ သားနှစ်ဦး ရလေသည်။ ယောသပ်သည် နိုင်ငံတွင်းရှိ စပါးများ စုသိမ်း ရာ အရပ်တိုင်းတွင် စပါးကျီများကို တည် ဆောက်ခဲ့သည်။

ထို့နောက် အစာခေါင်းပါးခြင်း ကပ်ဘေး ဆိုက်ရောက်လာသည်။ ထို ကပ်ဘေးသည် အီဂျစ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအပေါ် ကျရောက်ခဲ့ ပါသည်။ ဆာလောင် မွတ်သိပ်ကြသော လူများသည် အရပ်ရပ်မှလာ၍ ယောသပ် ထံမှ ဆန်စပါး ဝယ်ယူခဲ့ကြ လေသည်။

# အလွတ်ကျက်မှတ်ရန်ကျမ်းချက်

| |
|---|
| ဆာလံကျမ်း ၁၀:၁၄။ *သို့ရာတွင် ကိုယ်တော်သည်ဒုက္ခဝေဒနာများကို အမှန်ပင် မြင်၍ မစရန် အမြဲအသင့် ရှိတော်မူပါ၏။ ခိုးကိုးရာမဲ့ သူသည် မိမိကိုယ်ကို လက်တော်သို့ အပ်တတ်ပါ၏။ ကိုယ်တော်သည် ချို့တဲ့ နွမ်းပါး သူတို့ကို အစဉ်အမြဲကူမတော်မူခဲ့ပါ၏။* |
| |



# သင်ခန်းစာ ၇။ မကောင်းသော အထိအတွေ့

## စံပယ်သည် နှင်းဆီအား လျှို့ဝှက်ချက်တစ်ခု ပြောပြသည်။

နှစ်ရက်အကြာခရီးနှင်လာပြီးနောက်တွင်မှ နှင်းဆီတို့မိသားစုသည် ခိုကိုးရာမဲ့နေသော လူများ အဖို့ဆောက်လုပ်ထားသော ဒုက္ခသည် စခန်းသို့ ရောက်ရှိလာကြသည်။ မိသားစု တိုင်းကို ယာယီတဲတစ်ခုစီ ပေးသည်။ လစဉ်တိုင်းစားနပ်ရိက္ခာများကိုတန်းစီ၍ လက်ခံကြသည်။ သူတို့သည် အစားအသောက်များ ကောင်းကောင်း စားရ၍ ကျေနပ်ကြသော် လည်း လူ အများနှင့် ပြည့်ကြပ်ကာ အတူတကွ နေရလို့ စိတ် မသက်မသာ ဖြစ်ကြရသည်။ လူများ သည် စိတ်ဖိစီးမှုများနှင့် မပျော်ရွှင်မှုများရှိနေသောကြောင့် မကြာခဏ ဆိုသလိုပင် စကားများ၊ ရန်ဖြစ်ကြလေသည်။

စခန်းတွင် စာသင်ကျောင်းတစ်ကျောင်းရှိသလို ကလေးများအားလုံးသည် နေ့တိုင်း ကျောင်းတက်ရမည်ဖြစ်သည်။ သူပုန်များ မရောက်ခင် အချိန်အထိ နှင်းဆီသည် ကျောင်း သွားရသည်ကို နှစ်သက်ခဲ့ပြီး မှတ်ဉာဏ်ကောင်းသူလည်း ဖြစ်သည်။ ယခုမှာမူ ကျောင်းသို့ သွားလိုစိတ် မရှိပေ။ ဖခင်ဖြစ်သူက ကျောင်းသို့ သွားခိုင်း၍ သွားရသော်လည်း ကျောင်း ခန်းထဲတွင် စကားမပြောပဲ တိတ်ဆိတ်နေသည်။ အတန်းပိုင် ဆရာမကလည်း သူမကို ဂရုမစိုက် ပေးပါ။ ဆရာမ၏ အာရုံသည် အတန်းထဲ၌ ဆိုးသွမ်းသောကလေးများ အပေါ်တွင် သာရှိနေသည်။

အချိန်များ တရွေ့ရွေ့လွန်ပြီးနောက် နှင်းဆီ၏ဖခင်မှာ သူ၏ဇနီးသေဆုံးသွားခြင်း ကြောင့် စိတ်တုန် လှုပ်ခြောက်ခြားခဲ့ရာမှ ကျန်းမာသက်သာ လာပြီဖြစ်သည်။ သူသည် သူ၏ ကလေးများအား သူတို့ ကြုံတွေ့ခဲ့သည့် အရာများကို ထုတ်ဖော်ပြောပြ နိုင်ရန် အတွက် အကူအညီ ပေးသည်။ နှင်းဆီသည်လည်း

သူမ၏ ရင်ထဲ၌ ခံစားရသမျှကို ဖွင့် ပြောပြ ခွင့်ရသောကြောင့် စိတ်ကျန်းမာ သက်သာလာပြီး ကျောင်းတွင်း လှုပ်ရှားမှုများတွင် ပို၍ ပါဝင်နိုင်လာသည်။

နှင်းဆီတွင် ရှာကတည်းကသိရှိခဲ့သူ စံပယ်ဟုခေါ်သည့် အတန်းဖော် သူငယ်ချင်းကောင်းတစ်ဦးရှိသည်။ စံပယ်သည် အရင်နှင့်မတူပဲ အပြုအမူများ အတော်ပြောင်းလဲ သွားသည်ကို သတိထားမိပြီး၊ ဘယ့်ကြောင့် ထိုသို့ပြောင်း လဲသွားသည်ကို စဉ်းစားမရ ဖြစ်နေသည်။ ရှာထဲသို့ သူပုန်များ မဝင်ခင်အထိ သူမသည် အမြဲပျော်ပျော်ပါးပါး နေတတ်သူ၊ ဖျတ်လတ် သွက်လက်သူ၊ တစ်ဦး ဖြစ်ခဲ့သော်လည်း ယခုမှာ တိတ်ဆိတ်ပြီး အခြားသူများကို အမုန်း ပွားတတ်သောသူ ဖြစ်နေသည်။ ယောကျ်ားများအား အလွန် ကြောက်ရွံ့နေသည်။

တစ်နေ့တွင် နှင်းဆီနှင့် စံပယ်သည် စခန်းအနီးတစ်နေရာတွင် မှိုများ ကောက်နေကြ သည်။ နှင်းဆီက စံပယ်အား *အခုနင် ဘာလို့ အရင်ကနဲ့ မတူတော့ တာလဲ* ဟု ရုတ်တရက် မေးလိုက် လေသည်။

စံပယ်သည် ခဏတာ ဘာမှပြန် မဖြေ ဘဲ နေပြီးနောက် *ငါတို့တောထဲမှာ ရှိနေကြတုန်းက ငါ့ မကောင်းတာတစ်ခု ကြုံခဲ့ရ တယ်* ဟု တိုးတိုး လေး နှင်းဆီကို ပြောပြ သည်။ နှင်းဆီက *နင်နေမကောင်း ဖြစ်ခဲ့တာ ကို ဆိုလိုတာလား* ဟု ပြန် မေးလိုက် သည်။

စံပယ်က *မဟုတ်ဘူး၊ ဒီကိစ္စက ငါ့ ဦး လေးနဲ့ ပတ်သက် တာပါ။*

နှင်းဆီက *နင့်ဦးလေးက ရိုက်လိုက်လို့ လား* ဟုမေး လိုက်သည်။

စံပယ်က *မဟုတ်ပါဘူး၊ အခုနင်ပြော နေတာ တွေနဲ့က တခြားစီပါ။ ငါအခု ညစ်တီး ညစ်ပတ် ဖြစ် နေသလို ခံစားနေရတယ်။ ငါ့ဦးလေး က ငါ့ရဲ့ကိုယ် ခန္ဓာကိုယ်ပေါ်က မထိသင့်တဲ့ အပိုင်းတွေ ထိခဲ့တယ်ဟ။ အဲဒီအရာက ငါ့ကို နာကျင်စေပြီး ဘာလုပ်ရမှန်းကို ငါမသိတော့ ဘူးဟ။ သူက ငါတို့နဲ့ တဲတစ်ခုထဲမှာ အတူတူနေနေတုန်းပဲ။ ပြီးတော့လေ သူ ငါ့ပတ်ဝန်းကျင်မှာ ရှိနေသရွေ့ သူငါ့ကို အရင်လို ပြန်လုပ် မယ်ထင်ပြီး ကြောက်နေတယ်ဟ* ဟု ရင်ဖွင့်ရှာသည်။

*ငါစိတ် မကောင်းလိုက်တာ* လို့ နှင်းဆီက ပြန်ပြောသည်။ ထို့နောက် သူမက *နင့်အမေကို ပြောပြလိုက် သလား* ဟု မေးလိုက်သည်။

စံပယ်က ဟင့်အင်း ပြောလို့ မဖြစ်ဘူးဟု အထိတ်တလန့် ပြောသည်။ တကယ်လို့ငါက သူများကိုပြောပြရင် ငါ့ဦးလေးကငါ့ကို ရိုက်မယ်လို့ ပြောတယ်ဟ။ နှင်းဆီသည် ဘာလုပ် ရမှန်းမသိ တွေဝေသွားပြီး သူငယ်ချင်းအတွက် စိုးရိမ်မိသည်။ သူမ၏ မိဘများက အကယ်၍တစ်စုံတစ်ဦးက သူမ၏ သူငယ်ချင်း တစ်ဦးဦးအား နာကျင်စေပါက သူမကို ပြောပြရမည်လို့ ပြောပြထားခဲ့သည်။

နှင်းဆီ၏ အဒေါ် (ဖခင်၏ ညီမဖြစ်သူ)သည် သူတို့နှင့် အတူလာနေထိုင်ပြီး နှင်းဆီက သူ့ အဒေါ်ကို အလွန်ချစ်သည်။ ထိုညနေက အပြင်တွင် ညနေစာ ချက်ရင်း သူတို့သာ ရှိနေ ချိန် နှင်းဆီက သူ့အဒေါ်အား စံပယ်ပြောပြထားသည့် အရာများအား ပြောပြလိုက်သည်။ အဒေါ် ဖြစ်သူသည် စကားအများကြီး ပြန်မပြောပဲ၊ ကလေးများ အိပ်ယာဝင်ပြီး နောက် တွင်သာ သူတို့၏ ဖခင်နဲ့ အချိန်အကြာကြီး ဆွေးနွေး တိုင်ပင်သည် ကို ကြားလိုက် ရသည်။

နောက်တစ်နေ့တွင် ဦးလမ်ဘိုက စံပယ်၏ ဖခင်အား သွားတွေ့သည်။ နောက်တစ်နေ့ တွင် စံပယ်၏ ဦးလေးမှာ လုံးဝ ပျောက်သွားခဲ့သည်။ ထိုညက စံပယ်၏ မိခင်မှာ စံပယ်နှင့် အတူ တစ်ညလုံး အိပ်ကူ ပေးလေသည်။ ထို့အပြင် စံပယ်အား ဦးလေးဖြစ်သူ လုပ်ခဲ့သည့် အရာများကို သူငယ်ချင်းဖြစ်သူ နှင်းဆီအား ပြောပြခဲ့သည်မှာ မှန်သောလုပ်ရပ် ဖြစ်သည်ဟု ပြောဆိုသည်။ ပြီးနောက် ဒီလို အခြေအနေမျိုးတွင် ကလေးများ၏ အမှား လုံးဝ မဟုတ်ပဲ၊ လူကြီးများ၏ အမှားသာ ဖြစ်ကြောင်းပြောပြခဲ့သည်။ စံပယ်က ခဏတာ ငိုပြီး နောက်တွင် ဘုရားသခင်က သူမ၏ နာကျင်မှုများကို သက်သာစေရန် အတူတကွ ဆုတောင်း ကြသည်။

ရက်အတော်တန်ကြာပြီးနောက်တွင် စံပယ် ပြန်လည် ပျော်ရွှင်လာသည်ကို နှင်းဆီ သတိ ထားမိသည်။ စံပယ်သည် နဂိုပုံစံအတိုင်း မရောက်သေးသော်လည်း သူတို့နှစ်ဦး တွင် ပျော်ရွှင်မှုများ ပြန်လည် ရရှိလာခဲ့သည်။

## အရောင်ချယ်ရန် ပန်းပွင့်



# အကြီးအကဲ ယောသပ်

### ကမ္ဘာဦးကျမ်း ၄၂-၄၄

ခါနန်ပြည်၏ အိမ်နီးချင်းနိုင်ငံတွင် နေထိုင်နေသည့် ယောသပ်၏ မိသားစုတွင် မည်သို့ ဖြစ် ပျက်နေကြောင်းကို လေ့လာကြည့်ကြရအောင်။ ယောသပ်သည် အီဂျစ်နိုင်ငံတွင် စားနပ် ရိက္ခာများအား စီမံခန့်ခွဲနေရသူ တစ်ဦးဖြစ်ကြောင်းကို သတိရပါသေးသလား။ ထိုအချိန်၌ အစာခေါင်းပါးမှု ကပ်ဘေးဆိုက်သော နေ သောကြောင့်ယောသပ်၏အလုပ်သည် အင်မတန် အရေးပါသော ဤသို့လှောင် ထားသော ဆန်စပါး များမှာ အိမ်နီး ချင်းနိုင်ငံများအတွက်ပင် အစားအစာများ ရရှိနိုင်မည့် တစ်ခုတည်းသောနေရာ ဖြစ်သည်။



ယောသပ်၏ ဖခင်ဖြစ်သူ ယာကုပ်သည် အီဂျစ်ပြည်တွင် စားနပ်ရိက္ခာ ရနိုင်ကြောင်း ကို သိရှိပြီးနောက်တွင် သူ၏ သား (၁၀)ဦးတို့ကို အငတ် ဘေးမှ လွတ်

မြောက်ရန်အတွက် အီဂျစ်ပြည်သို့သွားရောက်ပြီး စားနပ်ရိက္ခာများ ဝယ်ယူရန် ပြောသည်။ ယာကုပ်သည် သားထွေးဖြစ်သူ ဗယ်ာမိန်အပေါ်တွင် အန္တရာယ် တစ်စုံတစ်ရာ ကျရောက်မည်ကို စိုးသောကြောင့် သူ့ကို မသွားခိုင်းခဲ့ပါ။

ယောသပ်၏ အစ်ကိုများ အီဂျစ်ပြည် သို့ရောက်ရှိလာသောအခါ ဆန်စပါး ရောင်းပေးရန် တာဝန်ရှိသူဖြစ်သည့် ယောသပ်အား ဦးညွှတ် အရိုအသေ ပေးကြ သည်။ အစ်ကိုများသည် ယောသပ်အား အချိန် ကြာမြင့်စွာ မတွေ့ခဲ့ရသော ကြောင့် သူတို့ ရှေ့ရပ်နေ သူမှာ ယောသပ်ဖြစ်သည် ကို မရိပ်စား မိချေ။ သို့သော် လည်း ယောသပ်သည် သူတို့သည် မည်သူတို့ ဖြစ်ကြောင်း သိလေသည်။ ယောသပ်သည် စိတ်ဆိုးမာန်ဆိုး လေသံဖြင့် သူ၏ အစ်ကိုများအား မည်သည့် အရပ်ဒေသမှ လာ ရောက်ကြခြင်းဖြစ် ကြောင်းမေးသည်။ သူတို့က ခါနန်ပြည်မှ လာခဲ့ကြခြင်းဖြစ်သည်ဟု ဖြေလေသည်။ ယောသပ်က သူတို့သည် သူလျှို များသာ ဖြစ်ပြီး လိမ်လည်သည်ဟု စွပ်စွဲလေသည်။ အစ်ကိုများက ကြောက်ရွံ့ စွာဖြင့် ကျွန်ုပ်တို့သည် သူလျှိုများမဟုတ်ကြပါ။ ကျွန်ုပ်တို့သည် ဖခင်တစ်ဦး တည်း၏ သားများ ဖြစ်ကြသည်။ ညီငယ် တစ်ဦးက သေဆုံးသွားခဲ့ပြီး၊ တစ်ဦးက အိမ်မှာ ကျန်ခဲ့ တယ်ဟု ဖြေ ကြသည်။

ထို့နောက် ယောသပ်က သူတို့အား သုံးရက်ကြာထောင်ထဲ၌ လှောင်ထားခဲ့ပြီး နောက် ရှိမုန်မှလွဲ၍ အားလုံးကို လွတ်ပေးလိုက်လေသည်။ ယောသပ်က *မင်းတို့ရဲ့ ညီအငယ်ဆုံးကို ခေါ်လာတဲ့အခါ ရှိမုန်ကို ထောင်ထဲ ကနေလွှတ်ပေးမယ်။ တကယ်လို့ မင်းတို့ရဲ့ညီငယ် မပါလာပါက မင်းတို့ကို ဆန်စပါး ထပ်ပြီး မရောင်း ပေးနိုင်ဘူး* ဟုပြောလေသည်။

အစ်ကိုများက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ *ငါတို့ရဲ့ညီငယ်ကို မကောင်း တာ လုပ်ခဲ့လို့ အခု ငါတို့ဝဋ်လည်နေကြပြီ။ သူ သနားစရာကောင်းပြီး အကူအညီတောင်းခဲ့ပေမဲ့ ငါတို့ နား မထောင်ခဲ့ကြဘူး။ ငါတို့ဒုက္ခ အကြီးကြီး တွေ့ရပြီ။ အဲဒါကြောင့် ငါတို့ အခုလိုခံစား နေကြရတာ* ဟု ပြောကြလေသည်။

အစ်ကိုများက ယောသပ်သည် သူတို့၏ စကားများကို နားလည်သည်ကို မသိကြပေ။ သူက စကားပြန်မှ တစ်ဆင့် ပြောဆိုခဲ့သောကြောင့် သူတို့ ပြောဆိုသည်ကို နားမလည်ဟု ထင်မှတ်ကြသည်။ ယောသပ်သည် သူတို့အား လှည့်စားလို၍ ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ယောသက်က သူတို့ပြောသမျှကို ကြားပြီး မျက်နှာကို တစ်ဘက်သို့ လှည့်ကာ မျက်ရည်ကျခဲ့သည်။

ယောသပ်က သူ့အစ်ကိုများ အစားအစာ ဝယ်ယူသည့် ငွေများကို အိတ်များအတွင်း လျှို့ဝှက် ထည့်ပေးပြီး သူတို့၏နေရပ်သို့ ပြန်လွှတ်လိုက်သည်။ သူတို့သည် အိမ်ရောက်ပြီးနောက်တွင် ဖခင်ဖြစ်သူယာကုပ်အား ဖြစ်ခဲ့သမျှ အကြောင်းစုံကို ပြောပြသည်။ ယောသပ်က သူတို့အား မည်သို့ မှာလိုက်ကြောင်းကိုလည်း ပြောပြသည်။ ယာကုပ်သည် ဗယ်ာမိန်အား အစ်ကိုများနှင့် မလွှတ်ချင်ပေ။ သူသည် ရှိမုန်နှင့် ယောသပ်ကဲ့သို့ ဗယ်ာမိန် ပြန်မလာမည်ကို စိုးရိမ်သည်။ သို့သော် ဝယ်လာသမျှ ရိက္ခာများ ကုန်သွားပြီးနောက်တွင်မူ ယုဒက ညီဖြစ်သူ ဗယ်ာမိန်နှင့်အတူ အီဂျစ်ပြည်သို့ပြန်သွားရမည်၊ သို့မဟုတ်ပါက အားလုံး အစာငတ်၍ သေဖို့ရန်သာရှိတော့သည်။ ထို့ကြောင့်ယုဒက ဖခင်ယာကုပ်အား ဗယ်ာမိန်နှင့် တစ်ကွ ညီငယ်များ အားလုံးကို ပြန်ခေါ်လာမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ကျိန်ခြင်းကိုခံမည် ဖြစ်ကြောင်း အာမခံ ပြောကြား၍ အီဂျစ်ပြည်သို့ အစားစာဝယ်ရန် ခရီး ဆက်ခဲ့ကြလေသည်။

ညီအစ်ကိုများ အီဂျစ်ပြည်သို့ရောက်ကြသောအခါ ယောသပ်က နန်းတော်၌ ညစာဖြင့် တည်ခင်း ဧည့်ခံသည်။ ညီအစ်ကိုများမှာ စိုးရိမ် ထိတ်လန့် နေကြသော်လည်း ယောသပ် ခေါ်ဖိတ်သည့်အတိုင်း ရှိမုန်နှင့်အတူ ညနေစာကို အတူ သုံးဆောင်ကြသည်။ ယောသပ် သည် ဗယ်ာမိန်အားတွေ့သောအခါ အလွန်အမင်း ခံစားရ၍ ထိုနေရာမှ ပြေးထွက်ကာ သူ၏ အခန်းသို့ဝင်၍ ငိုကြွေးလေသည်။ သူ၏ခံစားချက်များကို ထိန်းနိုင်ပြီး နောက်တွင် ခန်းမဆောင်သို့ ပြန်ဝင်လာကာ ညီအစ်ကိုများအား သုံးဆောင်ကြရန် ပြောလေသည်။ ယောသပ်က ဗယ်ာမိန်အား အခြားသောအစ်ကိုများထက် ငါးဆသော အစားအစာကို ပေးလေသည်။

အစာသုံးဆောင်ပြီးနောက် ယောသပ်က ညီအစ်ကိုများအား အိမ်ပြန်လွှတ်လိုက်သည်။ သူတို့၏ ငွေများကို သူတို့၏ ရိက္ခာအိတ်များတွင် ပြန်ထည့်ထားပေးသည့်အပြင် ကျွန်တစ်ဦးအား သူ၏ ငွေဖလားခွက်ကို ဗယ်္ယာမိန်၏ အိတ်ထဲတွင် လျို့ဝှက်ထည့်ထားစေခဲ့သည်။ အချိန်အနည်းငယ် ကြာပြီးနောက် ယောသပ်၏ အစေခံကျွန်များက ညီအစ်ကို များနောက်သို့ ပြေးလိုက်လာကာ *မင်းတို့တွေက သူခိုးတွေပဲ* ဟုပြောလေသည်။ ရိက္ခာ အိတ်များအားလုံးကို ရှာကြည့်ရာ ငွေဖလားခွက်ကို ဗယ်္ယာမိန်၏ အိတ်ထဲတွင် တွေ့လိုက်ရ သည်။ သူတို့အားလုံး နန်းတော်သို့ပြန်သွားခဲ့ကြရပြီး၊ ယောသပ်က *ငါ့ရဲ့ငွေဖလားကို ခိုး ထားတဲ့ သူကအခု ငါ့ရဲ့ ကျွန် ဖြစ်ရမယ်* ဟု တောင်းဆိုသည်။

ယုဒက ယောသပ်အား သူ့ဖခင် ပြောခဲ့သမျှ အကြောင်းစုံအား ရှင်းပြသည်။ သူက ဖခင် ယာကုပ်သည် ဗယ်္ယာမိန်တစ်ခုခု ဖြစ်မည်ကို မည်မျှစိုးရိမ်ကြောင်းနှင့် အကယ်၍ တစ်ခုခုဖြစ်ခဲ့ပါက သူမည်မျှ ဝမ်းနည်းကြေကွဲမည် ဖြစ်ကြောင်း ရှင်းပြ သည်။ ထို့နောက် ယုဒက *အရှင်မင်း ခင်ဗျား၊ ညီငယ်ကိုယ်စား အရှင်ရဲ့ ကျွန်အဖြစ် ကျွန်ုပ်နေပါရစေ။ ညီငယ်အား ကျန်ညီအစ်ကိုများနဲ့ လွှတ်ပေးတော်မူပါ။ ညီငယ်မပါလို့ရှိရင် ကျွန်တော်မျိုးရဲ့ ဖခင်ထံသို့ ဘယ်လိုပြန်ရမလဲ။ ဖခင်စိတ်ဆင်းရဲဒုက္ခ ရောက်နေတာကို မကြည့်ရက်နိုင်ဘူး* ဟု ပြောပြ လျှောက်ထားလေသည်။

## အလွတ်ကျက်မှတ်ရန် ကျမ်းချက်

| |
|---|
| ဟောရှာယအနဂ္ဂတိကျမ်း ၄၁:၁။ *အို ဣသရေအမျိုးသားတို့၊ သင်တို့ကို ဖန်ဆင်းတော်မူသော ထာဝရဘုရားက မကြောက်ကြနှင့်။ သင်တို့ကို ငါကွယ်ကာ စောင့်ရှောက်မည်။ သင်တို့အား နာမည်တပ်၍ ငါခေါ်ယူပြီ။ သင်တို့ကိုငါပိုင်၏။* |
| |



# သင်ခန်းစာ ၈။ ကျွန်ပ်တို့၏ နာကျင်မှုများအား ကားတိုင်သို့ ယူဆောင်လာခြင်း

## နှင်းဆီက ယေရှုခရစ်အား မိတ်ဆွေအဖြစ် တောင်းဆိုသည်။

ဒုက္ခသည် စခန်းသို့ သူတို့ရောက်ချိန်မှစ၍ ဦးလမ်ဘိုက ဆန်းမင်း အကြောင်း မေးမြန်း စုံစမ်း နေခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ သူရှိနေသည့် နေရာကို မည်သူမျှ မပြော ပြနိုင်ကြပေ။ ဒေသခံ ခေါင်းဆောင်များက မြို့ထဲရှိ အခြားသော ဒုက္ခသည် စခန်းများတွင် လိုက်လံ ရှာဖွေခဲ့သော်လည်း မတွေ့ရှိပေ။ အမှန်အားဖြင့် ဆန်းမင်းသည် အခြားသော နိုင်ငံ တစ်နိုင်ငံသို့ ရောက်နေသည်ကို မည်သူမျှ မသိခဲ့ကြပေ။

နှင်းဆီက သူ့အစ်ကိုဆန်းမင်းအား မကြာခဏ သတိရနေပြီး သူ့အား ပို့ဆောင် ပေးရန် ဘုရား သခင်ထံ ဆုတောင်းလေသည်။ မည်သို့ပင်ဖြစ်စေကာမူ သူပုန်များ ရွာထဲသို့ ဝင်ရောက်လာပြီးနောက်တွင် တစ်ခါတစ်ရံသာ ဘုရားသခင်ထံ ဆုတောင်းဖြစ်သည်။ ဘုရားသခင်က သူ့ဆုတောင်းသံများကို အမှန် အဖြေပေး လိမ့်မည်ဟု မမျှော်လင့်ထားပေ။ အဘယ့် ကြောင့်ဆိုသော် သူမ၏ မိခင်အား မသေဆုံးရန် ဘုရားသခင်က မကာကွယ် ပေးနိုင်ခဲ့ပေ။ နှင်းဆီက ဘုရားသခင် အပေါ် ယုံကြည်ကိုးစားမှု လုံးဝ မရှိတော့ပေ။

တစ်နေ့သော တနင်္ဂနွေနေ့တွင် ဒုက္ခသည်စခန်းရှိ ဘုရားကျောင်းသို့ သင်းအုပ် ဆရာ တစ်ပါး လာရောက်ခဲ့သည်။ ထိုဆရာက ကလေးများနှင့် စကားပြောချင် ကြောင်း ပြော သည်။ သူက ဤလောကကြီး သို့အပြစ်ဝင်ရောက် လာခြင်းမှာ အာဒံနှင့်ဧဝတို့ ဘုရား သခင်စကားကို နာမခံခြင်းကြောင့်ဖြစ်ကြောင်းသည်။ ထို့ ကြောင့် မကောင်းသောအရာ များဖြစ်ပျက်နေခြင်း ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်း

မှာ ဘုရားသခင်သည် အားနည်းခြင်းကြောင့် မဟုတ်ကြောင်းပြောပြသည်။ သူက ကျွန်ုပ်တို့ အားလုံးသည် အာဒံနှင့် ဧဝတို့၏ သားသမီးများ ဖြစ်ကြသောကြောင့် ကျွန်ုပ်တို့သည် မရည်ရွယ်သော်လည်း အပြစ်ပြုမိ တတ်ကြောင်း ပြောပြသည်။

သင်းအုပ်ဆရာက ယောသပ်၏ ပုံပြင်အားပြောပြ၍ သူ၏အစ်ကိုများက သူ့အား မည် သို့ မနာလိုဝန်တိုကြပုံနှင့် ကုန်သည်များထံရောင်းစားခဲ့ပုံတို့အား ပြောပြသည်။ ယောသပ် အသက်တာတွင် မကောင်းသော အရာများတစ်ခု ပြီးတစ်ခု ကျရောက်ခဲ့သော်လည်း စိတ်ဓါတ်မကျခဲ့ပေ။ ဘုရားသခင်သည် သူ့အား ချစ် ကြောင်းနှင့် ထိုဘုရား သခင်က သူ့ အား ကူညီမစမည်ဟု ယောသပ် သည် အချိန်တိုင်း ယုံကြည်နေခဲ့သည်။ ထို့နောက် သင်းအုပ် ဆရာက ယောသပ် သေဆုံးပြီးနောက် နှစ်ထောင်ပေါင်း များစွာတွင် ဘုရား သခင်က သူ၏ သားတော် သခင် ယေရှုအား၌ လောကကြီးတွင် နေထိုင်ရန်နှင့် လက်ဝါးကားတိုင်တွင် အသေခံရန် စေလွှတ်ခဲ့သည်ဟု ပြောပြသည်။ လက်ဝါးကားတိုင်ပေါ်တွင် ခရစ်တော် အသေခံ၍ ဤလောက၏ အပြစ်များအားလုံး၊ အပြစ်ကြောင့် ကြုံ တွေ့နေရသည့် ဆင်းရဲ ဒုက္ခ နှင့် နာကျင်မှုများ အားလုံးကို ယူဆောင် သွားခဲ့ ပြီး ကျွန်ုပ်တို့ ကိုယ်စား အသေခံ ခဲ့ပါ သည်။

နှင်းဆီက သင်းအုပ်ဆရာ၏စကားကို ဂရုတစိုက် နားထောင်သည်။ ဟော ပြောပြီး နောက်တွင် ဆရာက *ယေရှုဘုရားကို လောကကို ကြွလာပြီး ကျွန်ုပ်တို့ ၏အပြစ်များအတွက် အသက် ပေးလို့ သူ့ကို ကျေးဇူးတင်ကြရအောင် ဟုပြော လေသည်။ သားတို့ သမီးတို့ ယေရှုခရစ်တော်ကို သားတို့သမီးတို့ရဲ့ ဘဝထဲကို မိတ်ဆွေအဖြစ် ဝင်လာရန်နှင့် သားတို့ သမီးတို့ရဲ့ အပြစ်များကို ခွင့်လွှတ်ပေးဖို့ ဖိတ်ခေါ်လိုပါသလား။ သားတို့သမီးတို့ နှလုံးသားထဲမှာ ရှိနေတဲ့ နာကျင်မှုတွေကို ယူဆောင်လာပြီး ကျန်းမာ သက်သာပေးဖို့ သခင်ယေရှုကို တောင်းလျှောက် ချင်ကြ သလား။ စဉ်းစားကြပါ* ဟု ပြောပြလေသည်။


ထိုနေ့ညနေတွင် တဲ၏အပြင်ဘက်တွင်ထိုင်နေရင်း နှင်းဆီက သူမ၏ အဒေါ် အား သူမကြားခဲ့သမျှအား ပြောပြသည်။ နှင်းဆီအဒေါ်က နှင်းဆီကို *သမီး လောက်တောင် မကြီးခင်တုန်းက အဒေါ် အဖေဆုံး သွားခဲ့သလို အမေလည်း အဖျားကြီးခဲ့တယ်။ အဒေါ်လေ ကိုယ့်ကို ဘယ်သူမှ ဂရုမစိုက် သလိုခံစားခဲ့ ရတယ်။ တစ်နေ့သောအခါ ဘုရားရှိခိုးကျောင်းမှာ ယေရှု ခရစ်တော်ကို အဒေါ် ရဲ့*

*အပြစ်တွေခွင့်လွှတ်ပေးပြီး မိတ်ဆွေဖြစ်ဖို့နဲ့ အဒေါ်ဘဝထဲကို ဝင်လာဖို့ဖိတ်ခေါ်ခဲ့ တယ်။ ဘုရားသခင်စကားကို နာခံပြီး၊ ဘုရား၏ အလိုတော်ကို လိုက်လျှောက်လိုခဲ့တယ်။ ကောင်းကင်ဘုံဖခင် အဖြစ် သူ့ကို ချစ်ခဲ့တယ်။ အဲဒီနောက်မှာတော့ အဒေါ် ရဲ့နှလုံးသား ထဲမှာ ငြိမ်သက်ခြင်းကို ခံစားခဲ့ရသလို ဘုရားသခင်က အဒေါ်ကိုချစ်တယ်ဆိုတာခံစားခဲ့ရတယ်။ အဒေါ် ရဲ့ဘဝထဲမှာ တခြားမကောင်းတဲ့အရာတွေ ဖြစ် ပျက်လာတဲ့အခါတိုင်း ခရစ်တော်က အဒေါ် နဲ့ အတူရှိတယ်ဆိုတာ အမြဲသိနေတယ်* ဟု ပြောပြ သည်။

ဘဝမှာ တွေ့ကြုံခဲ့ရတဲ့ အရာအားလုံးကြောင့် နှင်းဆီအတွက်တော့ သခင်ယေရှုသည် သူနှင့် အဝေးကြီးမှာ ရှိနေသည်ဟု ယူဆခဲ့သည်။ အခုမှာတော့ ယေရှုကို သူမနဲ့ အနီးဆုံးမှာ ရှိနေချင်စိတ် ဖြစ်လာသည်။ ခဏအကြာတွင် နှင်းဆီက သူ့ဒေါ်ကို *သမီးလေ ယေရှုခရစ် တော်ကို သမီးရဲ့ မိတ်ဆွေအဖြစ် သမီးရဲ့ ဘဝထဲကို ဝင်လာစေချင်တယ်* ဟုပြောပြသည်။ ပြီးနောက် သူတို့နှစ်ဦး အတူတကွ ဆုတောင်းကြသည်။ ထိုသို့ ဆုတောင်းကြစဉ် နှင်းဆီသည် သူပုန် များ မဝင်ခင်ကတည်းက သူမ တစ်ခါမှ မခံစားခဲ့ဖူးသော ငြိမ်သက်ခြင်းကို ခံစားလိုက်ရသည်။

# ဘဝခရီး လမ်းမကြီး

ခရစ်တော် ယေရှုသည် သင့် ဘဝခရီးလမ်းမကြီး၏ မည်သည့် နေရာတွင် ရှိနေပါသနည်း။





## သခင်ယေရှုဘုရားသည် ကျွန်ုပ်တို့ကို ဒုက္ခနှင့် အပြစ်မှ ကယ်တင်ရန် ကြွလာခဲ့သည်။

အာဒံနှင့်ဧဝတို့ ဧဒင်ဥယျာဉ်၌ ဘုရားသခင်၏ စကားကို နာမခံခဲ့ကြသောကြောင့် လူများ သည် ဒုက္ခဆင်းရဲ စတင်ကြုံတွေ့ရခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ သင်ယူခဲ့ကြသည်။ ဘုရားသခင်က မြွေအား မိန်းမ၏မိသားစုထဲမှ တစ်စုံတစ်ဦးက သင်၏ခေါင်းကို ကြိတ်လိမ့်မည်ဟု ပြောခဲ့သော စကားကို မှတ်မိကြအုံးမည် ထင်ပါသည်။ ထိုသို့ ဆိုလိုခြင်းမှာ စာတန်၏တန်ခိုးကို အဆုံးသတ်မည် ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ် သည်။ ဘုရားသခင်၏ လူများသည် ဤကတိတော် ပြည့်စုံလာရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ကြပါသည်။ လူပေါင်းမြောက်များစွာသည်ဤကတိတော်ပြည့်စုံလာခြင်းကို သူတို့ဘဝတွင် မမြင်တွေ့ ခဲ့ရပေ။ တစ်နေ့သောအခါတွင် ဤကတိတော် ပြည့်စုံ လာမည်ဟု ဘုရားသခင်သည် ပုရောဖက်များအားဖြင့် ခေတ်အဆက်ဆက် လူများကို ပြောကြားခဲ့ပါသည်။

နောက်ဆုံးတွင် ထိုကတိတော်ပြည့်စုံခဲ့သည်။ ပုရောဖက်များက ဗက်လင်မြို့ ငယ်တွင် သားယောကျ်ားဖွားမြင်တော်မူမည့်အကြောင်း ပုရောဖက်ပြုခဲ့ ကြပါ

သည်။ ထိုအရာသည် အမှန်ပင်ဖြစ်လာခဲ့ပါသည်။ ယေရှုခရစ်တော်သည် အပျိုကညာ မာရိအားဖြင့် ဗက်လင်မြို့ တွင်ဖွားမြင်ခြင်းကိုခံတော်မူခဲ့ပါသည်။ သူသည် ကြီးပြင်းလာသောအခါ နေရာဒေသ အရပ်ရပ်တွင် လှည့်လည်ကာ ဘုရားသခင်၏ အကြောင်းအားသွန်သင်၍ နိမိတ်လက္ခဏာ များစွာပြ၍ မကျန်းမာ သောသူများကို ကျန်းမာစေခဲ့ပါသည်။

အထူးသဖြင့် သူသည် ကလေးများကို ကြင်နာယုယ ခဲ့ပါသည်။ အရွယ်ရောက်သောသူများက ကလေးများကိုအဝေးသို့ မောင်းထုတ်သော်လည်း သူသည် ကလေးများ၏ စကားကို နားထောင်ပေးခဲ့သည်၊ ပွေ့ဖက်ခဲ့သည်၊ ပြီးတော့ အဖျားအနာများ ကျန်းမာ သက်သာ ပေးခဲ့ပါသည်။ အချို့ခေါင်း ဆောင်များသည် သခင်ယေရှုသည် ဂုဏ်သတင်း အလွန် ကျော်စောလာသောအခါ မနာလိုဖြစ်ကြပြီး သူ့အား အစိုးရမှ သေဒဏ် ပေးနိုင်ရန် ကြံစည်ခဲ့ကြသည်။ သခင်ယေရှုသည် ကားတိုင်တွင် နာကျင်ခြင်း များစွာဖြင့် သေဆုံးခဲ့ပါသည်။ သူသည် သုံးရက်သေခဲ့ပြီး နောက်တွင် အသက်ပြန်ရှင်ခဲ့ သည်။ သူသည် သူ၏နောက်တော်လိုက်များအား ခွန်အား ပေးရန် ကိုယ်ထင်ပြခဲ့ပြီး သူတို့ အား ကူညီရန် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား စေလွှတ်ပေးမည်ဟု ပြောခဲ့ပါသည်။ ပြီးနောက် နောင်တွင် ပြန်ကြွလာမည်ကိုလည်း ကတိတော်ပေးခဲ့သည်။ ထို့နောက်တွင် ကောင်းကင်သို့ တက်ကြွတော်မူခဲ့သည်။

သခင်ယေရှုသည် အသေခံသောအခါ ဤလောကကြီး တစ်ခုလုံး၏ ဒုက္ခဆင်းရဲခြင်း နှင့် အပြစ်များကို ယူ ဆောင်သွား ခဲ့ပါ သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ ဆင်းရဲ ခြင်း ဒုက္ခ ဝေဒနာများ ကို ကားတိုင်သို့ ယူ ဆောင် သွားနိုင်ပြီး သခင် ယေရှုဘုရားကို ကျွန်ုပ် တို့၏ စိတ်ဒဏ်ရာများကို ကျန်းမာခြင်းပေးရန်နှင့် အပြစ်များအားခွင့်လွှတ်ပေးရန် တောင်းခံနိုင်သည်။ သခင်ယေရှုဘုရားက အပြစ်နှင့် စာတန်၏တန်ခိုးကို ချိုးဖျက်ခဲ့သည်။

## အလွတ်ကျက်မှတ်ရန် ကျမ်းချက်

| |
|---|
| ရှင်ယောဟန် ၃း၁၆။ *ဘုရားသခင်သည် လောကသားတို့ကို လွန်စွာ ချစ်တော်မူသဖြင့် သား တော်အား ယုံကြည်သူ အပေါင်းတို့သည် ပျက်စီးဆုံးပါးခြင်းမရှိဘဲ ထာဝရ အသက်ကို ရစေ ခြင်းငှာ မိမိ၏ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ၏။* |
| |



# သင်ခန်းစာ ၉။ ခွင့်လွှတ်ခြင်း

## ဆန်းမင်း၏ အစာအိမ်၌ ကျောက်ခဲတစ်လုံးရှိသည်။

ဆန်းမင်းသည် မိဘမဲ့ဂေဟာတွင် လျင်မြန်စွာ ကြီးထွားလာသည်။ အခြား ကလေးများနှင့် ဆက်ဆံတတ်လာပြီး သူငယ်ချင်း များစွာရှိလာသည်။ သို့သော် တစ်ခါတစ်ရံ မုန်းတီးမှုနှင့် ဒေါသထွက်တတ်သည်။ သူ၏ မိသားစုအား ဆုံးရှုံး စေခဲ့သော သူပုန်များအား ဒေါသ ထွက် သည်။ တောထဲတွင် သူအား ကျွန်သဖွယ် ပြုမူအနိုင်ကျင့်ခဲ့သော ထိုလူငယ်အားလည်း စိတ်ဆိုးသည်။ သူ၏မိသားစုများ သူ့ကို လာမရှာသဖြင့် သူ့တို့ကိုလည်း စိတ်ဆိုးသည်။ ထိုသို့သော အလွန်ဆိုးရွား သည့် အရာများကို ဖြစ်ပေါ်စေခဲ့သော ဘုရားသခင် ကိုပင် စိတ်ဆိုးမိလေသည်။ ထိုအဖြစ်အပျက်များအား စဉ်းစားမိသောအခါ တစ်ခါတစ်ရံ သူ၌ ဗိုက်နာခြင်း (သို့) ခေါင်းကိုက်ခြင်း ဝေဒနာ ခံစားရသည်။ ဤအရာက သူ၏အထဲ၌ လောင် ကျွမ်းနေသကဲ့သို့ ခံစားရလေသည်။

တစ်နေ့သော ညနေခင်းတွင် ဆန်းမင်းသည် အဆောင်အပြင်ဖက်တွင် ထိုင် နေပြီး သူ့ကို ဒေါသထွက်စေသည့်အကြောင်းအရာများကို စဉ်းစားမိပြီး စိတ်ရှုတ် ထွေး နေစဉ် အဆောင်အုပ်ကြီးသည် အဆောင်ထဲမှ ထွက်လာသည်။ သူမသည် ဆန်းမင်း တစ်ဦးတည်းသာ ထိုင်နေသည်ကို တွေ့လိုက်သောအခါ သူ၏ နံဘေး တွင်လာထိုင်ပေးပြီး *အဲဒီ လောက် မျက်မှောင် ကုတ်ကြီးနဲ့ ဘာတွေများ စဉ်းစား နေတာလဲ သားရေ* ဟုမေးလိုက်သည်။ ဆန်းမင်းက *သား မြန်မြန်ကြီး ချင် လိုက်တာ၊ သားကို ထိုးနှက်ခဲ့တဲ့ ကောင်ကို သွားချချင်တယ်။ ပြီးတော့ သူပုန် တွေကိုလည်း သတ်ချင်တယ်* ဟု ဖြေလေသည်။

အဆောင်အုပ်က *အဲဒီလို စဉ်းစားလို့ သား နေပျော်သလား* လို့ မေးတယ်။ ဆန်းမင်းက *မပျော်ပါဘူး၊ ဗိုက်ထဲမှာ ပူလောင်သလို ခံစားရပါတယ်* လို့ ပြန်ဖြေတယ်။

အဆောင်အုပ်ကလည်း *သားကိုသခင်ယေရှုက သိပ်ချစ်တယ်ဆိုတာ သိလား။ သူက သားရဲ့ မိတ်ဆွေဖြစ်ချင်တယ်။ ယေရှုဘုရားက သားရဲ့စိတ်ထဲ မှာရှိတဲ့ ဒဏ်ရာတွေကို ကျွန်းမာ သက်သာပေးချင်တယ်။ ပြီးတော့ သားလုပ်ခဲ့သမျှ မကောင်းတဲ့အရာတွေ အားလုံးကို လည်း ခွင့်လွှတ်ပေးချင်တယ်။*

ဆန်းမင်းက *ဟင့်အင်း။ သားက လူကောင်း မဟုတ်တော့ ယေရှုဘုရားက သားနဲ့ မိတ်ဆွေ ဖြစ်ချင်မှာ မဟုတ်ဘူးလို့ထင်တာပဲ။ သားက အခြားလူတွေ အများကြီးနဲ့ရော၊ အဲဒီလူကိုပါ အရမ်းစိတ်ဆိုးထားတဲ့ အတွက် သားကို ခွင့်လွှတ် ပေးနိုင်မယ်လို့မထင်ဘူး။*

အဆောင်အုပ်က ကြင်နာစွာဖြင့် *သားလေးဆန်းမင်း စိတ်ဆိုးတယ်ဆိုတာ သာမန် ဖြစ်လေ့ ဖြစ်ထရှိတဲ့အရာပါ* ဟုပြောပြလေသည်။

ဆန်းမင်းက သူမကို ကြည့်၍ *သား ယေရှုဘုရားနဲ့ မိတ်ဆွေဖြစ်ဖို့ ဟိုကောင်နဲ့ သူပုန် တွေကို ခွင့်လွှတ်ပေးရမယ် မဟုတ်ဘူးလား။ ကျွန်တော် ခွင့်မလွှတ်ခြင်ဘူး၊ ခွင့်လွှတ် နိုင်မယ် လို့လည်း မထင်ပါဘူး* ဟုဖြေလေသည်။

အဆောင်အုပ်က ခဏတာ ငြိမ်သက် သွားကာ ဆန်းမင်းပြောပြာ သောအရာကို စဉ်းစားနေသည်။ ထို့နောက် သူမက *သား ဆန်းမင်းရေ တစ်ယောက်ယောက်ကို ခွင့်လွှတ် တယ် ဆိုတာကို ဘယ်လို နားလည် သလဲ* ဟုမေးလေသည်။ ဆန်းမင်းသည် အနည်း ငယ် တွေဝေသွားပြီး သူမကို ကြည့်နေ သည်။ အဘယ်ကြောင့်ဆိုသော် ထိုမေးခွန်း အား တစ်ခါမျှ မစဉ်းစားဖူးခဲ့ပေ။ ထိုမေးခွန်း ၏ အဖြေကို မသိဖြစ်နေသည်။ ထို့နောက် ဆန်းမင်းက *တစ်ယောက်ယောက် ကိုယ့်အပေါ် ပြုခဲ့တဲ့အရာကို မေ့ပစ်လိုက်တာ မဟုတ်ဘူးလား။ ကိစ္စမရှိဘူးလို့ ပြောလိုက်တာ မဟုတ် ဘူးလား* ဟုဖြေသည်။

အဆောင်အုပ်က သူမ၏ခေါင်းအား လှုပ်ရမ်းကာ *မဟုတ်ဘူး သား ဆန်းမင်း ဘာဖြစ်လို့ လဲဆိုတော့ သားဆီမှာ ဖြစ်ခဲ့တာတွေက အရေးပါတယ်။ အဲဒီ အရာတွေကို ဒီအတိုင်း မေ့ပစ် ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သား ကြုံခဲ့တဲ့*

*အရာအတွေက သားအတွက်ရော အန်တီ အတွက်ရော အရေးပါတယ်။ ဘုရားသခင်အတွက်လည်း တကယ့်ကို အရေးပါတယ်။ ခွင့်လွှတ်ခြင်းဆိုတာ မေ့ပစ်လိုက်ခြင်း မဟုတ်သလို၊ကိစ္စမရှိဘူးလို့ ပြောလိုက်ခြင်းလည်း မဟုတ်ဘူး။ ခွင့်လွှတ်ခြင်း ဆိုတာ မင်းငါ့ကို နာကျင်ထိုခိုက်စေပေမဲ့ ငါဘယ်တော့မှ မင်းကို မုန်းမှာမဟုတ်ဘူး။ မင်းကို ပြန်ပြီးကလဲ့ စားချေမှာ လည်း မဟုတ်ဘူးလို့ ပြောခြင်းဖြစ်တယ်သား။ ဘုရားသခင်က မင်းတို့ မှားခဲ့တဲ့ အမှားတွေက အရေးမပါဘူးလို့ မပြောဘူး။ အလွန်အရေးပါလို့သာ အဲဒီအပြစ်တွေ အတွက် ယေရှုဘုရား အသေခံခဲ့တာ ဖြစ်တယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်နေတုန်းပဲ။ ပြီးတော့ ကျွန်တော်တို့ရဲ့ မိတ်ဆွေ ဖြစ်ချင်တယ်။ ဒ့ါကြောင့် အဲဒီအမှားတွေအတွက် မပေးဆပ်နိုင်းဘူး။ သားသိတဲ့အတိုင်းပဲ ကျွန်တော်တို့အတွက် ခရစ်တော် အသေခံ ခဲ့ပြီး သူကိုယ်တိုင် ပေးဆပ်ပေးခဲ့တယ်။*

ဆန်းမင်းသည် ကိုယ့်ဒူးဆစ်ကို လက်သီးဖြင့် ထု၍ *သူတို့ကို ခွင့်လွှတ်နိုင်မယ်လို့ မထင် ဘူးဗျာ။ ယေရှုဘုရားနဲ့ မိတ်ဆွတော့ ဖြစ်ချင်ပေမဲ့ သူတို့ကို မုန်းတာရပ်နိုင်မယ် လို့မထင်ဘူး။ သူတို့သားကို နာကျင်စေခဲ့သလို သူတို့ကို ထိခိုက်နာကျင်စေချင်တယ်* ဟုပြော သည်။

အဆောင်အုပ်က သားဆန်းမင်းရေ ယေရှုဘုရားနဲ့ အရင်မိတ်ဆွေဖြစ်ဖို့ ကြိုးစားကြည့်ပါ။ သူတို့ကို ခွင့်လွှတ်ပေးနိုင်မှ သခင်ယေရှုဘုရားနဲ့ မိတ်ဆွေ ဖြစ်လို့ရတာ မဟုတ် ပါဘူး။ သင်ခွင့်လွှတ်နိုင်သည်ဖြစ်စေ၊ ခွင့်မလွှတ် နိုင်သည် ဖြစ်စေ ယေရှုကသင်နှင့် မိတ် ဆွေဖြစ်လိုပါတယ်။ မိတ်ဆွေဖြစ်သွားတဲ့အခါ ခရစ်တော်ဘုရားက ဘယ်လို ခွင့်လွှတ်ရ မယ်ဆိုတာ သွန်သင်ပေးပါလိမ့်မယ်။ ကျွန်တော့်ကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့သူတွေကို ခွင့်လွှတ်နိုင်ဖို့ အချိန်အကြာကြီး လိုကောင်းလို နိုင်ပါတယ်။ ယေရှုနောက်လိုက်တဲ့အခါ ကြုံရတဲ့ အရာတွေပဲ ဖြစ်တယ်။

ဆန်းမင်းသည် ခဏတာ ငြိမ်သက်သွားသည်။ အဆောင်အုပ် ပြောတာတွေက အဓိပ္ပါယ် ရှိပါသည်။ သူမကို မော့ကြည့်လိုက်ပြီး ဆန်းမင်းက *ကောင်းပြီ၊ ယေရှုသာ ကျွန် တော့် မိတ်ဆွေ ဖြစ်သွားရင် သူက ငါ့ကို ဘယ်လိုခွင့်လွှတ်ရ မယ်ဆိုတာ ကိုသင်ပေးမှာပဲ။ ငါ သိပ် စိတ်မဆိုး တတ်အောင်လည်း သူသွန်သင်ပေးနိုင်တယ်။ ကျွန်တော် ယေရှုဘုရားရဲ့မိတ်ဆွေ ဖြစ်ချင်တယ်* ဟုပြောလေသည်။

*ကဲဒါဆိုရင် သူ့ကိုပြောပြကြရအောင်* ဟု အဆောင်အုပ် ပြောလိုက်သည်။ ထိုနောက် ဆန်းမင်းသည် ယေရှုကို မိတ်ဆွေအဖြစ် လက်ခံလိုက်သည်။

## လွှတ်ချလိုက်ပါ (ဖြေလျှော့လိုက်ပါ)။

ဆန်းမင်း ခွင့်မလွှတ်နိုင်သော သူနှင့်အတူတွဲချည်ထားသော ပုံကိုဆွဲပါ။ ထို့နောက် လွှတ်မြောက်သွားသော ပုံကိုဆွဲပါ။

# ယောသပ်နှင့် ခွင့်လွှတ်ခြင်း

## ကမ္ဘာဦးကျမ်း ၄၅

ဖဗယ်္ာမိန်သည် သူ၏ဖခင်ထံသို့ ပြန်သွားနိုင်ရန်အလို့ငှါ ယုဒသည် ကျွန်အဖြစ် အစေခံရန် အသင့်ရှိကြောင်းပြောပြီး နောက်တွင် ယောသပ်သည် သူ၏ ညီအစ်ကိုများအား မသိ သလို မချစ် သလို ဆက်လျက် ဟန် မဆောင်နိုင်တော့ပေ။ သူသည် သူ၏အစေခံများ အဝေးသို့ စေလွှတ်လိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေး၍ *ကျွန်တော် ယောသပ်ပါ။ အဖေအခုထိ အသက် ရှင်သေးလား* ဟု မေးလိုက်လေသည်။ သို့ပေမဲ့ သူ၏ညီအစ်ကိုများသည် ကြောက်ရွံ့ကြ သောကြောင့် အဖြေမပေးနိုင်ဘဲ ဖြစ်နေလေသည်။ သူက *ခင်ဗျားတို့ အီဂျစ်ပြည်ကို ရောင်းစားခဲ့ကြတဲ့ ခင်ဗျားတို့ရဲ့ညီငယ် ယောသပ်ပါ။ ကျွန်တော့်ကို ရောင်းစားခဲ့တဲ့ အတွက် ဝမ်းမနည်းကြပါနဲ့၊ ကိုယ့်ကိုကိုယ်လည်း အပြစ်မတင်ကြပါနဲ့။ အမှန်မှာတော့ ဘုရားသခင်က လူတွေရဲ့ အသက်ကို ကယ်တင်ဖို့အတွက် ကျွန်တော့်ကို စေလွှတ်ခဲ့တာပါ* ဟု ပြောလေသည်။

ယောသပ်က သူ၏ ညီအစ်ကိုများ အား သူတို့ကြုံတွေ့ခဲ့သည့် အဖြစ် ပျက်ကို သူ့ဖခင်အား ပြောပြနိုင်ရန် အိမ်သို့ ပြန်ခိုင်းခဲ့သည်။ ဆက်လက်၍ သူက ဖခင်ကြီးယောသပ်နှင့် သူ၏ မိသားစု အားလုံး၊ တိရစ္ဆာန်များ အား လုံး ငတ်မွတ်ခေါင်းပါးခြင်း ဘေးမှ လွတ်မြောက် ရန်အတွက် အီဂျစ်ပြည် သို့ ပြောင်းရွှေ့လာကြရန် မှာကြား လိုက်သည်။ ယောသပ်က အစာ ငတ် မွတ်ခေါင်းပါးခြင်း ဘေးသည် နောက် ထပ် ငါးနှစ်တာ ကျန်နေသေးသည်ကို သိလေသည်။ ယောသပ်သည် ဗယ်္ာမိန်ကိုဖက်ပြီး နှစ်ဦးစလုံး သူ့ ညီအစ်ကိုများ အားလုံးကိုလည်း ဖက်ပြီး အတူတစ်ကွ ငိုကြွေးခဲ့ကြသည်။

ထိုသတင်းကို အီဂျစ်ရှင်ဘုရင်ကြီးကြားသိသွားသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ် သွားပြီး ယောသပ်၏မိသားစုဝင်များပြောင်းရွှေ့နိုင်ရန်အတွက် မြင်းလှည်းများ စေလွှတ် ပေးခဲ့သည်။ ရှင်ဘုရင်ကြီးကသူတို့အား အီဂျစ်ပြည်၏ အကောင်းဆုံးမြေယာများကို ပေး မည်ဟုလည်း ဂတိပေးခဲ့သည်။ ယောသပ်က သူ၏ညီအစ်ကိုများအား လက်ဆောင်များ နှင့် အစားအစာကောင်းများကို ပေးခဲ့

သည်။ ဗယ်ာမိန်ကိုမူ သူများထက် ပိုလျှံစွာပေးခဲ့သည်။ ယောသပ်က သူ့ ညီအစ်ကို များကို *အပြန်လမ်းတွင် အငြင်းအခုံမပြုကြနဲ့အုံး* ဟု ပြောပြီး အိမ်ပြန်လွှတ်လိုက်သည်။

သူတို့၏ဖခင် ယာကုပ်ထံသို့ ရောက်ကြသောအခါ သူတို့က *ယောသပ်က သက်ရှိ ထင် ရှား ရှိသေး တယ်။ သူက အီဂျစ်ပြည် တစ်ပြည် လုံးကို အုပ်ချုပ်တဲ့ သူ ဖြစ်နေပြီ* ဟု ပြောပြကြ လေသည်။ ဖခင် ယာကုပ်သည် သူတို့၏စကားကို အစတွင် မယုံကြည်သော်လည်း ယောသပ်ပြောပြထားသမျှအား အကုန် အစင် ပြောပြ၍ သူပေး လိုက်သော လက်ဆောင် ဘဏ္ဍာနှင့် စားစရာများအား ပြလိုက်သောအခါမှ သာလျှင် ယုံကြည်နိုင်ခဲ့သည်။ ထို့နောက် တွင် ဖခင်ယာကုပ်က *ငါ့သား ယောသပ်က အခုထိ အသက်ရှင်သေးတယ်။ ငါ့ ဆန္ဒပြည့်ဝပြီ။ ငါ မသေခင် ငါ့သားကို သွားတွေ့ရမယ်* ဟုဆိုလေသည်။



## အလွတ်ကျက်မှတ်ရန်ကျမ်းချက်

| |
|---|
| ရှင်မသဲ ၅:၄၄။ *သို့ရာတွင်ရန်သူကိုချစ်ကြလော့ဟုသင်တို့ အားငါဆို၏။ သင်တို့ကိုနှိပ်စက် ညှဥ်းဆဲသူ တို့အတွက် မေတ္တာ ပို့ကြ လော့* ဟု သခင်ယေရှု မိန့်မှာ ခဲ့ပါသည်။ |
| |



# သင်ခန်းစာ ၁၀။ ဘဝများ အသစ်တည်ဆောက်ခြင်း

## သတင်းကောင်း

မိုးဦးကျခါစ တစ်မနက်ခင်းတွင် ဒုက္ခသည်စခန်း၌ရှိနေသော နှင်းဆီသည် အိပ်ရာမှနိုးထ လာခဲ့သည်။ တဲ၏ အပြင်ဘက်တွင် ကျယ်လောင်စွာ ပျော်ရွှင် မြူးတူးနေကြသော အသံ များကိုကြားလိုက်ရသည်။ သူပုန်များသူတို့အား ပြန်လာ၍ တိုက်ခိုက်ရန်လာကြပြီဟု အထင်နှင့် သူမသည် ကြောက်ရွံ့ထိတ်လန့်နေရှာသည်။

သို့သော်လည်း ထိုသို့ တွေးနေစဉ်မှာပင် ဖခင်ဦးလမ်ဘိုသည် အပြုံးမျက်နှာဖြင့် တဲအတွင်းသို့ ဝင်လာသည်။ သူက *သတင်းကောင်း ပါတယ်ဟေ့၊ အာဏာပိုင်တွေက အဖေတို့ ကို ကိုယ့်ရွာကိုယ် ပြန်လို့ရပြီလို့ပြောတယ်ကွ။ ပြီးတော့ သူတို့က အဖေတို့ကို လိုအပ်တဲ့ အသုံး အဆောင် တန်ဆာပလာတွေ၊ မျိုးစေ့တွေနဲ့ လယ်ယာစိုက်ပျိုးနိုင်ဖို့နှင့် အိုးအိမ် ပြန်လည် ထူထောင်နိုင်ဖို့ ငွေကြေးလည်း ထောက်ပံ့ပေးတယ်တဲ့* ဟု ပြောပြလေသည်။ ကလေးများ အားလုံးသည် အော်ဟစ်က ခုန်ကြကာ *ငါတို့အိမ်ပြန်ရတော့မယ်။ ငါတို့ အိမ်ပြန်ရတော့မယ်* ဟု ပြောနေကြလေသည်။

ထိုတစ်ပတ်တာလုံး သူတို့သည် ရွာသို့ ပြန်နိုင်ရန် ထုပ်ပိုး ပြင်ဆင်၍ အလုပ်ရှုပ် နေကြသည်။ ရက်သတ္တပတ် ကုန်ခါနီးချိန်တွင် ဦးလမ်ဘို၏ သူငယ်ချင်းဖြစ်သူတစ်ဦးက ရေဒီယို စက်တစ်လုံးအားကိုင်ဆောင်၍ ရောက်လာသည်။ သူက *ယူအဲန်က ဆာနာဒူ မြို့မှာ ငါတို့ ရွာက ကလေးတစ်ချို့ကို ရှာတွေ့ပြီဆိုတဲ့ သတင်းကြားပြီးပြီလား။ သိပ်မကြာခင် ရေဒီယိုမှာ ကလေးတွေရဲ့ အမည်စာရင်း*

*ကို ဖတ်ပြတော့မယ်။ ဒီစာရင်းမှာ ဆန်းမင်းလည်း ပါကောင်းပါနိုင် လို့ မင်းလည်း နားထောင်ချင်မှာပဲလို့ လာခဲ့တာ* လို့ပြောပြသည်။

ဦးလမ်ဘိုက *အေးကွာ၊ သားလေး အဲဒီ လောက်ဝေးတဲ့ ဒေသကို ရောက်သွားခဲ့လိမ့်မယ် လို့တော့ မထင်ပါဘူး၊ ဘယ်လို ပဲဖြစ်ဖြစ် နားထောင် ကြည့်ရ အောင်* ဟု ပြောသည်။ မိသားစု အားလုံး ရေဒီယို သတင်းနားထောင်ရန် ပတ်ပတ်လည်တွင် စုရုံးကြသည်။ သတင်း ကြေငြာ သူက နာမည်စာရင်းရှည်ကြီးအား ဖတ်ပြပြီးအမှတ်မထင်ဆုံးခါနီးတွင် ဆန်းမင်း ၏နာမည်ကို သူတို့ ကြားလိုက် ကြရသည်။ တဲအတွင်းရှိ လူများ၏ ဝမ်း မြောက်ဝမ်းသာ အော်ဟစ် ဆူညံသံ ကြောင့် တဲကလေးသည် လှုင့်စင်မတတ် ဖြစ်သွားသည်။

ဦးလမ်ဘိုသည် ချက်ခြင်းပင် စခန်းတာဝန်ခံရုံးသို့ သွားရောက်ပြီး ဆန်းမင်းအားခေါ်ယူ ရန် မိဘမဲ့ဂေဟာနှင့် မည်ကဲ့သို့ အဆက်အသွယ်ပြု နိုင်မည်ကို သွားစုံစမ်းသည်။ တာဝန် ရှိသူများကလည်း ထိုသတင်းကောင်းကြောင့် ဝမ်းသာကြပြီး၊ သူတို့မိသားစုများ ရွာသို့ ပြန်ရောက်ပြီးသည့် အချိန်လောက်တွင် သူတို့လည်း ဆန်းမင်းအား ဆက်သွယ်နိုင်ပြီး ရွာသို့ ပြန်ခေါ်လာနိုင်လိမ့်မည်ဟု ဂတိပေးကြသည်။

နောက်ထပ် ရက်သတ္တပတ်သည်လည်း ထိုနည်းတူ ပုံမှန် လုပ်စရာ အလုပ်များကို လုပ်၍ အချိန်များကုန်လွန် သွားသည်။ လူတိုင်းသည် အလုပ်ရှုပ် နေကြသည်။ မိသားစုများက သူတို့၏ ပစ္စည်းပစ္စယများကို ထုပ်ပိုး၍ ကုန်တင်ကားကြီးထဲသို့ ထည့်ကာ ရွာသို့ ပြန်သွားကြသည်။ ရွာသို့ ရောက်ရှိပြီး သူတို့ ကျေးရွာတစ်ခုလုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်ကို တွေ့မြင် လိုက်ကြသောအခါတွင် သူတို့၏ ပျော်ရွှင်မှုသည် ဝမ်းနည်းခြင်းသို့ ရုတ်တရက် ပြောင်းလဲသွားသည်။ ဦးလမ်ဘိုက *ကျွန်တော်တို့ အားလုံး အလုပ်များကြရတော့မယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်တော်တို့နဲ့ အတူရှိတယ်။ ကျွန်တော်တို့ရဲ့ရွာကို ပြန်တည်ဆောက်ကြရမှာ ဖြစ်လို့ ကျွန်တော်တို့ရဲ့ဘဝတွေ ကိုလည်း ပြန်တည်ဆောက်ကြမယ်* ဟု အားပေး လေသည်။

သူတို့ရွာသို့ပြန်ရောက်ပြီး ရက်သတ္တပတ်အကြာတွင် ကားလေးတစ်စီး ရွာထဲသို့ ဝင်လာသည်။ ထိုကားထဲမှ ကောင်လေးတစ်ဦး ထွက်လာရာ ရုတ်တရက်

မည်သူ မျှသူ့ကို မမှတ်မိကြပေ။ ခဏကြာမှတာ သူတို့အားလုံးက *ဒီမှာဟော့ ဆန်းမင်း* လို့ အော်ဟစ်ကြသည်။ *သူတော်တော်ကြီး သွားပြီပဲ။ ဒါပေမဲ့ သူက အရင်ဆန်းမင်းပါပဲကွ* ဟု ပြောကြသည်။ ဆန်းမင်းအား သူ၏ မိခင်ဆုံးပါး သွားခဲ့ကြောင်း ပြောပြကြသည်။ သို့သော် ဆန်းမင်းသည် ထိုစကားကို ပေါ့ပေါ့ တန်တန် ခံယူလိုက်သည်။ မိခင်ဆုံး သွားသည်ကို မယုံကြည်နိုင် ဖြစ် နေသည်။ ဆန်းမင်းသည် သူ၏မိသားစုဝင်များအားလုံးနှင့် တွေ့ရသောအချိန်တွင် မိခင် မပါဝင်သောအခါမှသာ သူ၏မိခင်အား နောက်ဘယ်တော့မှ တွေ့ရတော့မည် မဟုတ် ကြောင်းကို ခံစားမိလာသည်။ ယခုတစ်ကြိမ် သူတို့ မိသားစု ပြန်လည် ဆုံတွေ့ရခြင်းတွင် ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှု နှစ်ခုစလုံး ရောထွေးနေသော တွေ့ဆုံ မှု တစ်ခုပင် ဖြစ်လေသည်။

နောက်နေ့ရက်များတွင် ဆန်းမင်းနှင့် နှင်းဆီတို့သည် ထင်းသွားရှာကြရင်း စကား ပြောဖြစ်ကြသည်။ သူတို့နှစ်ဦးသည် ယေရှုဘုရားကို သူတို့၏ မိတ်ဆွေ အဖြစ် မည်ကဲ့သို့ ခေါ်ဖိတ် ခဲ့ကြကြောင်း ဝေမျှပြောဆိုကြသည်။ အတော့်ကို ပျော်ရွှင် ကြည်နူးစရာ ကောင်း သော အချိန်ဖြစ်သည်။ ထို့အပြင် သူတို့၏ မိတ်ဆွေ အသစ် ယေရှုဘုရား အကြောင်းကို သူတို့ မသိရှိသေးသည့် အရာများ များစွာရှိသေးသည်ကို နှစ်ဦးစလုံး နားလည်ထား ကြသည်။

ဆန်းမင်းက ငါတို့ယေရှုဘုရားအကြောင်းကို ပိုသိဖို့လိုအပ်တယ်။ မိဘမဲ့ ဂေဟာမှာ ငါတို့ ကိုသင်ပေးခဲ့တာတွေ အများကြီးရှိသေးတယ်။ အဲဒီ အကြောင်း အရာတွေကို မင်းကို ပြောပြမယ်။ ငါ့အထင်တော့ သူတို့က ငါတို့ ဘုရား သခင် အကြောင်းပိုပြီး နားထောင်လို့ ရအောင် ပျက်စီးသွားတဲ့ ဘုရားကျောင်းကို သူတို့ အမြန်ဆုံး ပြန်ဆောက်ရင် ကောင်းမှာ ပဲလို့ ယူဆ တယ်။ ဘဝက ခက်ခဲလွန်းပေမဲ့ ငါတို့တတွေ ဘယ်တော့မှ အထီးကျန် မဆန် ရတော့ဘူး ပေါ့လေ။ ယေရှုဘုရား က ငါတို့နဲ့အတူ အမြဲတမ်းရှိနေမှာလဲဟု ပြောပြလေ သည်။

**သင်စိတ်ချမ်းသာ ပျော်ရွှင်နေသော ပုံကို ရေးဆွဲပါ။**

# ယောသပ်၏မိသားစု ပြန်လည်တွေ့ဆုံခြင်း

## ကမ္ဘာဦးကျမ်း ၄၆-၅၀

ယခုမှာ ယာကုပ်သည် ပျော်ရွှင်ဝမ်းမြောက်နေသော်လည်း သူ့ထံတွင် စိုးရိမ်ကြောက်ရွံ့ စိတ်လည်းရှိနေသေးသည်။ ထို့နောက် ဘုရားသခင်က ယာကုပ်အား အိပ်မက်အားဖြင့် အီဂျစ်ပြည်သို့သွားရမည့်အရေးအတွက် စိုးရိမ်ကြောက်ရွံ့စရာမလိုကြောင်း ပြောပြခဲ့သည်။ ဖခင်ယာကုပ်၏ တောင်းဆိုမှုကြောင့် ယောသပ်သည် ဖခင်ယာကုပ်နှင့် သူ၏ အိမ်သူအိမ်သားများအား လမ်း တစ်ဝက်တွင် ခရီးဦးကြိုပြုလေသည်။ ဖခင် ယာကုပ်နှင့် ယောသပ်တို့ တွေ့ကြရာဝယ် ယောသပ်သည် ဖခင်ယာကုပ်၏ လည်ပင်းကို ဖက်လျက် အချိန်အကြာကြီး ငိုကြွေးလေသည်။ ဖခင်ယာကုပ်က သားယောသပ်အား *ငါ့သားအသက် ရှင်သေးတယ်။ အခု ငါ့သားကို လည်းတွေ့ရ ပြီဆိုတော့ အဖေသေဖို့ အဆင်သင့် ပါပဲ* ဟု ပြောခဲ့ သည်။

ထို့နောက် ယောသပ်သည် အီဂျစ် ဘုရင်ထံ ခစားဝင်ရောက်၍ သူ၏ မိသားစုများအတွက် မြေနေရာ ပေးသနားတော်မူရန် တောင်းလျှောက်ရာတွင် ရှင်ဘုရင်က အကောင်းဆုံးသော နေရာအချို့ကို ပေးသနား တော်မူလေသည်။ အစာ ငတ်မွတ်ခေါင်းပါးခြင်း ကပ်ဘေးသည် ဆိုးဆိုး ရွားရွားပင် ရှိနေသေး သည်။ ယောသပ်သိုလှောင်ထားသော ဆန်စပါးမှလွဲ၍ အခြားစားစရာမရှိပေ။ ထို့ကြောင့် ယောသပ်သည် လူအများအား စားနပ် ရိက္ခာ ပေးဝေ၍ အသက်ဘေးမှ ကယ်တင်နိုင်ခဲ့သည်။ ယခုတွင် ယာကုပ်သည် အသက်မှာ (၁၃၀)နှစ် ရှိ နေပြီဖြစ်ပြီး၊ နောက်ထပ် (၁၇)နှစ်တိုင် အီဂျစ်ပြည်၌ နေထိုင်ခဲ့လေသည်။

ထိုအချိန်က ဣသရေလလူများဟုခေါ်သော ယာကုပ်မိသားစုဝင်များသည် ချမ်းသာ ကြွယ်ဝလာကြကာ သားသမီးများ များစွာ မွေးဖွားကြလေသည်။ အသက်(၁၄၇)နှစ်တွင် ယာကုပ်သည် နာမကျန်းဖြစ်ကာ အနိစ္စရောက်လေသည်။ ယာကုပ်က သားယောသပ် အား နောင်တစ်ချိန်တွင် ဘုရားသခင်သည် သူ၏ သားစဉ်မြေးဆက်တို့အား သူတို့နေရပ် ခါနန်ပြည်သို့ ပြန်လည် ပို့ဆောင်လိမ့်မည်ဖြစ်ကြောင်း ပြောထားခဲ့သည်။ ထို့နောက် ယာကုပ်သည် သူ၏သား

များ အားလုံးကိုလည်း ခေါ်၍ နောင်တွင် သူတို့ အယောက်စီတိုင်း တွင် ဖြစ်လာမည့် အကြောင်းအရာများကိုလည်း ပြောပြထားခဲ့သည်။ ပြီးနောက် ယာကုပ်က သူ၏သားများအား ခါနန်ပြည်ရှိ မည်သည့်နေရာတွင် သူ့ကို မြေမြုပ် သင်္ဂြိုလ်ရန်ကို လည်း ပြောကြားခဲ့သည်။ ထို့နောက် သူသည် အနိစ္စရောက်လေသည်။ ယောသပ် သည် သူ၏ဖခင်ကို ဖက်လျက် ငိုကြွေးခဲ့ပါသည်။ ယာကုပ် သေဆုံးသွားသော အခါ သူ့အတွက် ငိုကြွေးမြည်တမ်းကြပြီးနောက် သူ၏ရုပ်ကလပ်အား ခါနန်ပြည်သို့ ဆောင်ယူ ၍ သင်္ဂြိုလ်ခဲ့ကြသည်။ သင်္ဂြိုလ်ခြင်း အမှုပြီးစီး သွားသောအခါ အီဂျစ်ပြည် သို့ ပြန်လာ ခဲ့ကြသည်။



ထို့နောက် ယောသပ်၏ အစ်ကိုများက *ငါတို့အဖေလည်း သေသွားပြီဆိုတော့ ယောသပ် က ငါတို့ကို ကလဲ့စားချေနိုင်တယ်။ အရင် ငါတို့ သူ့ကို ညှင်းဆဲခဲ့သလိုမျိုး ငါတို့ကို ပြန်ပြီး ညှင်းဆဲလိမ့်မယ်* ဟု ပြောကြလေသည်။ ထို့ကြောင့် သူတို့သည် ယောသပ်ထံသို့ သံတမန် တစ်ဦး စေလွှတ်ပြီး *ကျွန်တော်တို့သည် အရှင့်ပေါ် မကောင်းသောအမှုကိုပြုမိ၍ အရှင့်ကို ပြစ်မှားခဲ့ကြသော အပြစ် ကို ခွင့်လွှတ်ပေးရန်အတွက် အရှင့်အား ကြားလျှောက်ရမည့် အကြောင်း ခမည်းတော် မသေမှီ ကျွန်တော်တို့ကိုမှာ ထားခဲ့သည်ဖြစ်၍ ယခုတွင် ခမည်းတော် ၏ ဘုရားသခင် ကျွန်တော်တို့၏ အပြစ်များကိုလွှတ်တော်မူရန် ကျွန်တော် တို့ကို ခွင့်လွှတ် တော်မူပါ* ဟု လျှောက်ကြ၏။ ထိုသို့ သတင်းစကားကို ကြားရသော အခါ ယောသပ်သည် ငိုကြွေးလေသည်။ ထို့နောက် သူ့အစ်ကိုတို့သည် ယောသပ်ရှေ့မှာ *ပြပ်ဝပ်လျှက် ကျွန်တော်တို့သည် ကိုယ်တော်၏ ကျွန်များ ဖြစ်ကြပါသည်* ဟုလျှောက် တင်ကြလေသည်။

ယောသပ်ကလည်း သူတို့အား *မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် မဟုတ်ပါ။ သင်တို့သည် အကျွန်ုပ်ကို ညှင်းဆဲခဲ့ကြသော်လည်း ဘုရားသခင်သည် ယနေ့ဖြစ်သည့် အတိုင်း၊ လူများအသက်ချမ်း သာစေခြင်းငှါ ကျေးဇူးပြုခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် မစိုးရိမ် ကြနှင့်။ သင်တို့နှင့် သင်တို့၏ သားသမီးများကို ကျွန်ုပ် ကျွေးမွေးစောင့်ရှောက် ပေးပါမည်* ဟုပြောလေ သည်။ ယောသပ်သည် သူ့အစ်ကိုတို့အား ထိုသို့ နှစ်သိမ့်စကားဆို၍ မေတ္တာပြခဲ့ပါသည်။

ယောသပ်သည် အသက်(၁၁၀)နှစ် တိုင် နေလေသည်။ အနိစ္စ ရောက်ခါနီးချိန်တွင် ယောသပ်သည် သူ၏ သားများအား သူအနိစ္စ ရောက်သွားပါက သူ၏ ရုပ်ကလပ်အား ခါနန်ပြည်သို့ ယူဆောင်သွားရန် ဂတိပြုစေခဲ့သည်။ နောင်နှစ်ပေါင်း(၄၃၀) နှစ်အကြာ တွင် မောရှေသည် ဣသရေလလူမျိုးများအား အီဂျစ်ပြည်ကျွန်ဘဝမှ ထုတ်ဆောင်စဉ် သူတို့ သည် ယောသပ်အား ပေးခဲ့သည့် ဂတိကို သတိရ၍ သူ၏ အရိုးများအား သူတို့နှင့်အတူ သယ်ဆောင် သွားခဲ့ကြသည်။

# အလွတ်ကျက်မှတ်ရန်ကျမ်းချက်

| ရှင်ယောဟန်၁၆း၃၃။ *သင်တို့သည်လောကတွင် ဆင်းရဲဒုက္ခနှင့်တွေ့ကြုံရလိမ့်မည်။ သို့ရာ တွင် အားမငယ်ကြနှင့်။ ငါသည် လောကကို အောင်ပြီ* ဟု သခင်ယေရှု မိန့်တော်မူခဲ့ပါသည်။ |
| --- |
| |

[blank]

